မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၃၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။

မိမိတို့အနေဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အလေးပေးဆောင်ရွက်သွားရမည်

ကျိုင်းတုံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြား

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများအား ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ ဖတ်စရာ

ကဆုန်လ

ဆောင်းပါး စာ ၁၀

ဆီးရီးယားအပေါ် ပိတ်ဆို့ထားမှုများ ဖြေလျှော့ပေးဟု အမေရိကန် ကြေညာ

နိုင်ငံတကာသတင်း စာ ၁၄

မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့တွင် စိုးရိမ်ရေမှတ်အထက် ရောက်ရှိ

နေပြည်တော် မေ ၂၄

ယနေ့နံနက် ၈ နာရီအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

မြန်မာ့အလင်း

အနုပညာဖြင့် မှန်ကန်သည့်လမ်းကြောင်းသို့ ရောက်ရှိအောင် ပြည်သူကိုလမ်းပြစွမ်းဆောင်

အတတ်ပညာနှင့် အနုပညာတို့ ပေါင်းစပ်ပါဝင်သည့် ရုပ်ရှင်လုပ်ငန်း ကမ္ဘာပေါ်၌ စတင်ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း တစ်ရာကျော်ခဲ့ပြီဖြစ်သည်။ စတင်ပေါ်ပေါက်ခဲ့စဉ်ကတည်းကပင် လူသားတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်ခဲ့သည့်ရုပ်ရှင်သည် ယနေ့ထိတိုင် ဆက်လက်ရှင်သန်လျက်ရှိကာ လူတို့ကို ဆက်လက်ဆွဲဆောင်နိုင်စွမ်းရှိနေဆဲ ဖြစ်သည်။ ထို့အပြင် ရုပ်ရှင်သည် နိုင်ငံအချို့၏ ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရှာဖွေနိုင်သောလုပ်ငန်းဖြစ်သလို မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ကမ္ဘာက သိနားလည်လာစေရေး၊ မိမိတို့၏ အယူဝါဒများ၊ မိမိတို့၏ထုတ်ကုန်များကို ကမ္ဘာက လက်ခံလာစေရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့်အသုံးချသည့် ဆော့ဖ်ပါဝါ မီဒီယာတစ်ခုလည်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် စစ်အေးတိုက်ပွဲကာလအတွင်း ကမ္ဘာ့ရုပ်ရှင်ဈေးကွက်ကို လွှမ်းမိုးခဲ့သည့် ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများကြောင့် အနောက်နိုင်ငံများကို ကမ္ဘာကိုကယ်တင်မည့် ဇာတ်လိုက်များ၊ သူရဲကောင်းဟီးရိုးများအဖြစ် ရုပ်ရှင်ပရိသတ်များက ထင်မြင်ခဲ့ကြပြီး အရှေ့အုပ်စုနိုင်ငံများကို ကမ္ဘာ့ဖျက်မည့်လူဆိုးကြီးများ၊ ဗီလိန်များအဖြစ် ရှုမြင်ခဲ့ကြသည်။ ဗလကြီးတကားကား၊ လူသတ်လက်နက်များတစ်ထမ်းတစ်ပိုးနှင့် ဗီယက်နမ်နိုင်ငံအတွင်း ခိုးဝင်ကျူးကျော်လာသူကို သူရဲကောင်းအဖြစ် ပုံဖော်ထားပြီး ကျူးကျော်လာသူကို ခုခံတိုက်ခိုက်သည့် ဗီယက်နမ်တပ်မတော်နှင့် စစ်သည်များကို လူဆိုး၊ လူကြမ်းများအဖြစ် ပုံဖော်ခဲ့သည့်ရုပ်ရှင်ကားများဖြင့် ဗီယက်နမ်စစ်ပွဲသည် မှန်ကန်သယောင်ယောင်၊ တရားသယောင်ယောင် ထင်မြင်လာစေရန် လှည့်စားခဲ့ကြသည်။ စစ်အေးခေတ်ဂျိမ်းစ်ဘွန်းဇာတ်ကားများ၊ ရမ်ဘိုဇာတ်ကားများမှာ အနောက်အုပ်စု၏ ဆန့်ကျင်ဘက်နိုင်ငံများကို အာဏာရှင်လူကြမ်း၊ လူဆိုးခေါင်းဆောင်ကြီးများအဖြစ် ဝါဒဖြန့်ချိမှု၏ သာဓကများပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းသည် ဘောလိဝုဒ်အဖြစ် ကမ္ဘာကျော်ပြီး ၎င်းတို့နိုင်ငံအတွက် ဝင်ငွေအမြောက်အမြားရှာဖွေပေးနိုင်သကဲ့သို့ မိမိနိုင်ငံ၊ မိမိယဉ်ကျေးမှုကို ချစ်မြတ်နိုးရေး၊ ဘာသာအယူဝါဒမတူကွဲပြားသူများ ချစ်ခင်စည်းလုံးညီညွတ်စွာအတူနေထိုင်ရေး၊ ပြည်သူများ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ကျား-မ တန်းတူညီမျှရေး၊ လူ့အဖွဲ့အစည်းကို အကျိုးမပြုသည့် ဓလေ့ဟောင်း၊ အယူအဆဟောင်းများကို စွန့်လွှတ်ရေးစသည်ဖြင့် ခေတ်ကာလကိုထင်ဟပ်သော၊ လူမှုပြုပြင်ပြောင်းလဲမှုများကို ဦးတည်သော ရုပ်ရှင်ဇာတ်ကားကောင်းများစွာကို ထုတ်လုပ်ပြီး ၎င်းတို့၏ နိုင်ငံနှင့် ၎င်းတို့၏ ပရိသတ်အတွက် တာဝန်ကျေပွန်ခဲ့ကြသည်ကို လေ့လာတွေ့ရှိနိုင်သည်။

ရုပ်ရှင်သည် ပရိသတ်အပေါ် ဩဇာလွှမ်းမိုးနိုင်သကဲ့သို့ ရုပ်ရှင်အနုပညာရှင်များသည်လည်း ပရိသတ်အပေါ် ဩဇာလွှမ်းမိုးနိုင်သည့် Influencer များပင်ဖြစ်ရာ နိုင်ငံရေးပါတီများအဖို့ အသုံးချစရာများ ဖြစ်နေပြီး ၎င်းတို့ပါတီအကျိုးစီးပွားအတွက် ဆွဲဆောင်သိမ်းသွင်းကြမည်သာဖြစ်သည်။ အများပြည်သူအပေါ် ဩဇာသက်ရောက်လွှမ်းမိုးသည့် နယ်ပယ်အသီးသီးမှ မည်သူကိုမဆို ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်းအားဖြင့် ပါတီကိုအင်အားကြီးမားအောင် တည်ဆောက်ရာတွင် အကျိုးဖြစ်ထွန်းမှုများစွာ ရရှိစေသည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် အနုပညာရှင်တစ်ဦးအနေဖြင့်ပါတီတစ်ခုခု၏ မူဝါဒ၊ လုပ်ငန်းစဉ်တို့အပေါ် ယုံကြည်ထောက်ခံခြင်း၊ နိုင်ငံသားတစ်ဦးအဖြစ် မဲပေးခြင်းတို့ရှိမည်ဖြစ်သော်လည်း ပါတီ၏အရိပ်အောက်သို့ခိုဝင်ကာ ယင်းပါတီ၏အကျိုးစီးပွားအတွက် လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ပေးဆပ်ရမှုများ ရှိလာတော့မည်ဖြစ်သည်။ ယင်းပါတီကို မထောက်ခံသူများ၏ အားပေးမှုကိုဆုံးရှုံးရခြင်း၊ နိုင်ငံပါတီ၏ အမှားအယွင်းနှင့် ကျဆုံးမှုတွင် အနုပညာရှင်၏ဘဝပါ ကျဆုံးခန်းသို့ရောက်ရခြင်းတို့နှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။

အနုပညာသည် နိုင်ငံနှင့်ပြည်သူအတွက်ဟု ခံယူ၍ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးသယ်ပိုးထမ်းရွက်သူ အနုပညာရှင်တို့မှာ အနုပညာမိုးကောင်းကင်တွင် ထာဝရထွန်းလင်းတောက်ပနေမည်သာ ဖြစ်သည်။ မျက်မှောက်ကာလ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်သူတို့အတွက် မဖြစ်မနေလိုအပ်သည့်အရာမှာ နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေး၊ ပြည်သူတစ်ရပ်လုံးလိုလားသည့် ငြိမ်းချမ်းရေးတို့အတွက် မိမိတို့၏ အနုပညာ၊ အတတ်ပညာဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၄

မေ ၂၅ ရက် မွန်းတည့်ချိန်အထိ မကွေး တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း - ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ၊ ဖုန်း - ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၄ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၆၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅ - ၅ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၈၇၀	၂၉၈၅	၂၉၅၀	၂၈၈၅	၂၉၉၀	၃၀၀၅	၃၀၂၀	၂၉၄၀	၄၅၀၅	၃၂၃၅	၂၉၅၅	၂၉၆၀	၃၀၃၀	၂၉၉၅	၃၀၁၅	၃၂၇၀
95 Ron	၂၉၂၅	၃၀၄၀	၃၀၀၅	၂၉၄၀	၃၀၄၅	၃၀၆၀	၃၀၈၀	၂၉၉၅	၄၅၆၀	၃၂၉၀	၃၀၁၅	၃၀၀၅	၃၀၈၅	၃၀၅၀	၃၀၇၀	၃၃၃၀
HSD (500 ppm)	၂၄၄၀	၂၅၅၅	၂၅၂၀	၂၄၅၅	၂၅၆၀	၂၅၇၅	၂၅၉၅	၂၅၁၀	-	၂၈၀၅	၂၅၃၀	၂၅၃၀	၂၆၀၀	၂၅၆၅	၂၅၈၅	၂၈၄၅
HSD (50 ppm)	၃၀၁၅	၃၁၃၀	၃၀၉၅	၃၀၃၀	၃၁၃၅	၃၁၅၀	၃၁၆၅	၃၀၈၅	၄၈၃၀	၃၃၈၀	၃၁၀၅	၃၁၀၅	၃၁၇၅	၃၁၄၀	၃၁၆၀	၃၄၂၀
HSD (10 ppm)	၃၀၁၅	၃၁၃၀	၃၀၉၅	၃၀၃၀	၃၁၃၅	၃၁၅၀	၃၁၆၅	၃၀၈၅	-	၃၃၈၀	၃၁၀၅	၃၁၀၅	၃၁၇၅	၃၁၄၀	၃၁၆၀	၃၄၂၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၀၄	၂၇၉၁
95 Ron	၂၇၅၉	၂၈၄၇
HSD (500 ppm)	၂၂၈၈	၂၃၆၄
HSD (50 ppm)	၂၈၄၅	၂၉၃၂
HSD (10 ppm)	၂၈၄၅	၂၉၃၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

❖ *ရှေ့ဖုံးမှ*

ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး (ကျိုင်းတုံ) ဦးဇော်လွင်ဦး က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း လူဦးရေစာရင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နွေစပါးနှင့် မိုးစပါးသီးနှံအား ပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိရေးဆောင်ရွက်လျက်ရှိမှု၊ တောင်သူများထံသို့ မျိုးစေ့ချက်ကိုရိယာများနှင့် မျိုးစေ့များထောက်ပံ့ပေးအပ်ခဲ့မှု၊ ဒေသတွင်း ဆီဖူလုံမှုနှင့် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ စားဖိုဆောင်သီးနှံများအား စိုက်ပျိုးထုတ်လုပ်လျက်ရှိမှုနှင့် အခြားသီးနှံများဖြစ်သည့် ပြောင်း၊ ကော်ဖီ၊ လက်ဖက်၊ ရော်ဘာအား စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်မှု၊ ကုန်းမြင့်လယ်ယာမြေများဖော်ထုတ်ပေးလျက်ရှိမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးလျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ တိရစ္ဆာန်အစာထုတ်လုပ်ခြင်းများ ဆောင်ရွက်၍ ဒေသတွင်း ဖြန့်ဖြူးထုတ်လုပ်ရောင်းချပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ တိုးတက်ရေးအတွက် ချေးငွေများထုတ်ပေးထားရှိမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေမှ ထုတ်ချေးပေးထားမှု၊ ဒေသတွင်း တရားမဝင်ကုန်သွယ်မှုများဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှု၊ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများမှ ဝင်ငွေရရှိမှု၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်လျက်ရှိမှုနှင့် တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၄ ခုနှစ်အတွင်း တက္ကသိုလ်ဝင်တန်းများဖြေဆိုအောင်မြင်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ တက္ကသိုလ်ကောလိပ်များ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း အားကစားကဏ္ဍ တိုးတက်စေရေး အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးလျက်ရှိမှု၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျိုင်းတုံ-လွယ်မွေလမ်း ချောမွေ့ကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

❑ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ တိုးတက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိ၊ ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင် ပညာတတ်များပေါ်များကြွယ်ဝရန် မဖြစ်မနေလိုအပ်

❑ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝရန်လိုပြီး ဒေသတွင်းမှ ထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်

ထို့နောက် တက်ရောက်လာကြသည့် မြို့မိ မြို့ဖများက ကျိုင်းတုံမြို့တွင် နေထိုင်သူလူဦးရေ များပြားလာခြင်းနှင့်အတူ ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျိုင်းတုံမြို့ရှိ ခုတင်-၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအား ခုတင် -၃၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ လွယ်မွေမြို့ရှိ တိုက်နယ်ဆေးရုံအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ လွယ်မွေရေကန် သန့်ရှင်းမှုရှိစေရေးနှင့် ကျွဲနွားများ ဝင်ရောက်မှုမရှိစေရေးအတွက် ခြံစည်းရိုး ကာရံပေးစေလိုမှုတို့နှင့် ပတ်သက်၍ တင်ပြကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

မြို့မိမြို့ဖများ၏တင်ပြချက်များနှင့် ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းပြောကြား

ယင်းနောက် မြို့မိမြို့ဖများ၏ တင်ပြချက်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ပြန်လည်ရှင်းလင်းပြောကြားရာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ၊ မြေများအား အကြောင်းအမျိုးမျိုးဖြင့်အသုံးချရာတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှု၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ခွင့်ပြုထားသည့် သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ရန်လိုအပ်မှု၊ မြေအသုံးချမှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်မည်ဆိုပါက နိုင်ငံအကျိုး၊ ဒေသအကျိုးအတွက် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမြေများအား အခြားနည်းဖြင့်အသုံးပြုမည်ဆိုပါက လယ်ယာမြေဥပဒေနှင့်အညီသာ ဆောင်ရွက်ရန်လိုအပ်မှုတို့ကိုလည်းကောင်း၊ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအတွင်း သစ်တောဧရိယာဖုံးလွှမ်းမှု၊ ဝါးသယံဇာတများပြားစွာရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး ယခုနောက်ပိုင်းတွင် ဝါးထုတ်လုပ်မှုအနေဖြင့် ကျဆင်းလာလျက်ရှိသည်ကို တွေ့ရှိရမှု၊ ရှမ်းပြည်နယ်အတွင်း ဝါးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံနှင့် ဒေသတွင်းအတွက် အကျိုးများစွာ ဖြစ်ပေါ်စေနိုင်မှု၊ နှစ်အလိုက် သစ်တောဖုံးလွှမ်းမှုဧရိယာများ ပြုန်းတီးပျက်စီးလျက်ရှိမှုနှင့် သဘာဝသစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရာသီဥတုမျှတကောင်းမွန်မှု၊ စိမ်းလန်းစိုပြည်မှုနှင့် အခြားအကျိုးရလဒ်များကို ယင်းဒေသကပင် ခံစားရမည်ဖြစ်သဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ နယ်စပ်ဖြတ်ကျော် မြူခိုးထိန်းချုပ်ရေးနှင့်ပတ်သက်၍ မြန်မာ၊ ထိုင်း၊ လာအို သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခင်နှစ်များထက် လျော့ကျလာသည်ကို တွေ့ရှိရမှု၊ တောင်ယာမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများမရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်မှုတို့ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသအတွင်း အခြေခံကျောင်းများဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိမှု၊ ကောလိပ်နှင့် တက္ကသိုလ်များဖွင့်လှစ်သင်ကြားလျက်ရှိမှု၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးထားမှုနှင့် အဆိုပါကျောင်းများ၌ ကျောင်းသားများ တက်ရောက်ကြစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုမှု၊ ကျောင်းများ၌ သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ လာရောက်အပ်နှံလျက်ရှိမှုနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်စေရေး မိဘပြည်သူများနှင့် ဌာနဆိုင်ရာများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုမှုတို့ကိုလည်းကောင်း ပြန်လည်ရှင်းလင်းပြောကြားကြသည်။

တင်ပြချက်များအပေါ်တွေ့ရှိချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့်ကျိုင်းတုံဒေသသို့ ရောက်ရှိသည့်အချိန်တိုင်း၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်နယ်၊ ခရိုင်အဆင့်တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ပြောဆိုမှာကြားမှုများအနက် သိသင့်သိထိုက်သည်များကို မြို့နယ်အဆင့်အထိ ပျံ့နှံ့အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိအနေဖြင့် ဒေသများအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျိုင်းတုံမြို့ရှိ ခုတင်-၂၀၀ ဆံ့ ဆေးရုံကြီးအား ခုတင် -၃၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုရှိသည့် ဆရာဝန်ကြီးများလည်း လိုအပ်ကြောင်း၊ ကျိုင်းတုံမြို့ ဆေးရုံကြီးအား အဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွယ်မွေဆေးရုံ အဆင့်မြှင့်တင်လိုခြင်းနှင့်ပတ်သက်၍ ကျိုင်းတုံ-လွယ်မွေ ဆက်သွယ်ရေးလမ်းကြောင်းကို အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် သွားလာမှုအဆင်ပြေမှုရှိသည့်အတွက် လွယ်မွေဆေးရုံ၌ တက်ရောက်ကုသသူဦးရေ နည်းပါးမှုနှင့် ဆရာဝန်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မှုအခြေအနေများအရ လွယ်မွေဆေးရုံအား အဆင့်မြှင့်တင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မဖြစ်မနေ မြှင့်တင်အားပေးရမည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ တိုးတက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင် ပညာတတ်များပေါ်များကြွယ်ဝရန်မဖြစ်မနေလိုအပ်**ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျောင်းနေရာခိုင်နှုန်း နည်းပါးပြီး တန်းစဉ်ကူးပြောင်းမှုများလည်း နည်းပါးသည်ကို တွေ့ရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနည်းပါးရခြင်းမှာ ဘာသာစကားအခက်အခဲ၊ မိဘများ၏ စီးပွားရေးအခက်အခဲများကြောင့် ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ **ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝရန်လိုပြီး ဒေသတွင်းမှ**

စာမျက်နှာ ၄ သို့

- ❖ **ဒေသတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများရရှိအောင် ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို**
- ❖ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ၌ ဝါးသယံဇာတများစွာရှိသည့်အတွက် ဝါးနှင့်ပတ်သက်သည့်ထုတ်ကုန်များကို ထုတ်လုပ်၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်**

စာမျက်နှာ ၃ မှ

ထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိ တာဝန်ယူဆောင်ရွက်ချိန်တွင် တိုင်းရင်းသားဒီဂရီကောလိပ်တွင် တက်ရောက်အောင်မြင်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်နေရာချထားပေးနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်နယ်များ၌ ပညာရေးဝန်ထမ်းများအားနည်းချက်များရှိသဖြင့် ၎င်းတို့နှင့်နီးစပ်သည့်နေရာဒေသများအလိုက် နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မိမိတို့နိုင်ငံတော်တာဝန်ထမ်းဆောင်နေချိန်၌ ဆရာ၊ ဆရာမများအတွက် ရရှိသည့် ဘွဲ့လွန်နှင့် ဒီဂရီတို့ကို မူတည်၍ ချီးမြှင့်ခြင်းများကို ဆောင်ရွက်ပေးထားကြောင်း၊ နယ်စပ်ဒေသများ၌ ကျောင်းနေအရွယ်ကလေးများသည် မူလတန်းအဆင့်အထိသာ ကျောင်းတက်ရောက်ပြီး ကျောင်းထွက်သွားမှုများများပြားကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ၌ ပညာသင်ကြားကြစဉ် ဆရာ၊ ဆရာမများသင်ကြားပေးလိုက်သည့် သင်ခန်းစာများ၌ ကျောင်းစာများသာမက စည်းကမ်းများလည်းပါဝင်ကြောင်း၊ ကလေးငယ်များအနေဖြင့် အမျိုးသားစည်းကမ်းနှင့်ပတ်သက်၍ အလေ့အကျင့်ကောင်းများရရှိအောင် စာသင်ကျောင်းများမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ပေါ်စေရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ သင်ကြားပေးသည့် ဆရာ၊ ဆရာမများသည်လည်း အရည်အချင်းပြည့်ဝရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်မည်ဆိုပါက အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ဒေသ၏အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သူများ တက်ရောက်နိုင်ရေး Polytechnic Institute ကိုလည်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပထမနှစ်တက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ် Certificate ရရှိမည်ဖြစ်ကာ နောက်ထပ် ၂ နှစ် တက်ရောက်အောင်မြင်ပြီးပါက ဒီပလိုမာဘွဲ့ရရှိမည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် Polytechnic University သို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်သူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုးရေးနှင့် နည်းပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ Polytechnic နည်းပညာများကို သင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကို မွေးထုတ်နိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ ပိုမိုပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ လုပ်ငန်းများကို အောင်မြင်အောင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း။

ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ်အလုပ်လုပ်ကြရန်လို

စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ကို ပြည့်စုံအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို Grade – 10, Grade–11 နှင့် Grade –12 တို့တွင် အခြေခံထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင်း အခြေခံစားကုန်များ ကုန်ဈေးနှုန်းကျဆင်းအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့သို့ ကုန်ဈေးနှုန်းများကျဆင်းရန်အတွက် ကုန်ထုတ်လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျိုင်းတုံဒေသအတွင်း နွေစပါး၊ မိုးစပါးများကို ဒေသတွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုပြီး Eating Quality ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုများမှာ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီပါက ဒေသတွင်းစားရေးဖူလုံသည်သာမက ပိုလျှံလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခန့် တိုးတက်လာမည်ကို တွက်ချက်မှုများအရတွေ့ရှိရကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ **ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများရရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။**

ဒေသတွင်းပေါ်ကြွယ်ဝသည့် ဝါးသယံဇာတများကို အကျိုးရှိစွာအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ထို့ပြင် **ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ၌ ဝါးသယံဇာတများစွာရှိသည့်အတွက် ဝါးနှင့် ပတ်သက်သည့်ထုတ်ကုန်များကို ထုတ်လုပ်၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်**ကြောင်း၊ ဥပမာအားဖြင့်– ဝါးပျော့ဖတ်ထုတ်ကုန်များ၊ ဝါးဖြင့်ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကြိမ်နှင့်ပတ်သက်သည့် ထုတ်ကုန်များနှင့် ဒေသတွင်းအောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရေးအတွက်လည်း ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းဆတ်လေဆိပ်များကို အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေချောမွေ့အောင် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းပြည်တစ်ခုတိုးတက်ရေးအတွက် GDP သည်အရေးကြီးပြီး နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဒေသတွင်းနေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရေးကြီးသည်မှာ ဒေသတွင်းနေထိုင်သူများက အမှန်တကယ်အလုပ်လုပ်ကြရန်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါကလည်း နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထို့မှတစ်ဆင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို**ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သော ဖြူးချောင်းရေလှောင်တမံနှင့် ရဲနွယ်ရေလှောင်တမံများ ကြံ့ခိုင်လုံခြုံမှုအတွက် ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် သည် မေ ၂၂ ရက်နှင့် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနအောက်ရှိတိုင်းဒေသကြီး ဦးစီးမှူးများနှင့် တာဝန်ရှိသူများကို သက်ဆိုင်ရာဒေသများ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရေလှောင်တမံ၊ တာ၊ ရေတံခါးများ၏ ကြံ့ခိုင်မှုအခြေအနေများနှင့် ပတ်သက်၍ မိုးရာသီမတိုင်မီ ရေဘေးကာကွယ်ရေး လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားကြရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်၊ တာ/တမံများ၊ ရေသောက်စနစ်များအား ပြန်လည် ပြုပြင် မွမ်းမံထိန်းသိမ်းနိုင်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိ ဆည်ရေပေးဝေစိုက်ပျိုးထားသည့် ဧရိယာများကို လိုအပ်သည့် အောင်ရေရသည်အထိ ဆက်လက် ပေးဝေနိုင်ရေး၊ ယခုနှစ် နွေစပါးနှင့် နွေအခြားသီးနှံများ ပန်းတိုင် အထွက်နှုန်း ရရှိနိုင်ရေးနှင့် လာမည့်မိုးကာလ မိုးစပါးနှင့် မိုးအခြားသီးနှံ စိုက်ပျိုးနိုင်ရေး အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရန် စသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ပဲခူးမြစ်တာ(ပန်းလှိုင်၊ ပုဏ္ဏားစု၊ မုန်တိုင်) တာမိုင် (၁/၀ မှ ၂/၀) အတွင်း အမြင့်ဆုံးတက်နိုင်သည့် မြစ်ရေမှတ်အထက် ထိမြှင့်တင်၍ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သော ဖြူးချောင်းရေလွှဲဆည်အား ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံနှင့် ရေလွှဲဆည် ထိခိုက်ပျက်စီးမှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ အသေးစိတ်သိရှိနိုင်ရန် (Dam Monitoring) စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ကြရန်၊ ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ဘေးကင်းလုံခြုံမှု အခြေအနေ မျက်မြင်စစ်ဆေးမှု အစီရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေ စိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှုများနှင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဆောင်ရွက်နေမှု အခြေအနေများကို စစ်ဆေး

ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲ ဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို

- ☆ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန်လိုအပ်မည်ဖြစ်ပြီး တစ်ဦးချင်းစီအလိုက်၊ တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေး သင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန်လိုအပ်မည်၊ အဆင့်ဆင့်သော ခေါင်းဆောင်များ ကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည်တိုက်စွမ်းအား ကောင်းမွန်သည့် တပ်များ ဖြစ်လာမည်
- ☆ စစ်သည်တစ်ဦးချင်းအနေဖြင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ပိုင်နိုင်စွာ တတ်မြောက်ရမည်၊ တပ်ဆင်ပေးထားသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား စစ်ဆေးသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်နေသူများ မရှိစေရေး အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မဲခေါင်မြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ဒေသလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး၊ တရားမဝင်လူကုန်ကူးမှုများ မရှိစေရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်များအလိုက် မိမိတို့ တာဝန်ယူထားရသည့် နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော် လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲ ဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန်လိုအပ်မည်ဖြစ်ပြီး တစ်ဦးချင်းစီအလိုက်၊ တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန်လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သော ခေါင်းဆောင်များ ကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည် တိုက်စွမ်းအားကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း။

တပ်ဌာနချုပ်များ၊ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသည့် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေဒေသ၏ မြေအနေအထားနှင့် သတင်းအချက်အလက်များ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားမှသာလျှင် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ လုပ်သင့်သည်များကို မှန်မှန်ကန်ကန်ဆောင်ရွက်နေမည်ဆိုပါက မည်သည့် စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုမဆို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

တပ်မိသားစုဝင်များ၏ သက်သာချောင်ချိရေး ဖြည့်ဆည်းဆောင်ရွက်ပေးရမည်

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ထောက်ပံ့ငွေများကို တိုးမြှင့်ပေးလျက်ရှိကြောင်း၊ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အနီးကပ်ကြပ်မတ်ကွပ်ကဲနေရသည့်တပ်မှူးများအနေဖြင့် မိမိတပ်နှင့် မိမိစစ်သည်များ၏ လုပ်ငန်းခွင် အခက်အခဲများ၊ အုပ်ချုပ်မှုဆိုင်ရာအခက်အခဲများနှင့် စားဝတ်နေရေးဆိုင်ရာ အခက်အခဲများကို စဉ်ဆက်မပြတ်စောင့်ကြည့်အကဲခတ်သိရှိနေရန်လိုပြီး တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်း၏ စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေးတို့ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ၎င်းတို့၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျ နေထိုင်သွားလာစားသောက်မှုဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

စစ်သည်တစ်ဦးချင်းအနေဖြင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ပိုင်နိုင်စွာ တတ်မြောက်ရမည်၊ တပ်ဆင်ပေးထားသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းရှိသည့် တပ်ရင်း၊ တပ်ဖွဲ့များ ဖြစ်လာမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွား ဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာနယ်မြေအလိုက်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ နိုင်ငံတော်သြဝါဒါစရိယ ကျိုင်းတုံမြို့ တူးယားကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် (ပန်ကွဲ) ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် လောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် (ပန်ကွဲ)ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် လောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ ကျိုင်းတုံမြို့ တူးယားကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဆည်းပူးခြင်း

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက တူးယားကျောင်းတိုက်ပဓာန နာယကဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်တို့ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင် တားဆီးကာရံကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် လက်ရောက်ဆက်ကပ်ပူဇော်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရတနာသရဖူတော်ကြီးကို ဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် လက်ရောက်ဆက်ကပ်ပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို လက်ဆင့်ကမ်းပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်ပင့်ဆောင်ပူဇော်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ရှမ်းပြည်နယ်၊ ဗုဒ္ဓတက္ကသိုလ် (တောင်ကြီး) ဒုတိယပါမောက္ခချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစိတ္တာဘိပါလ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဌာပနာတော်သွင်းလှူပူဇော်ခြင်း

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းအဖြစ် ဌာပနာတော်သွင်းလှူ ပူဇော်ခြင်းကို ဆက်လက်ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူ၍ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို လက်ဆင့်ကမ်းပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် ပင့်ဆောင်ပူဇော်ကြသည်။

စာမျက်နှာ ၇ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဓမ္မဆေးရုံတော် မင်္ဂလာမော်ကွန်းကမ္ပည်းတော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဓမ္မဆေးရုံတော် အထူးကြပ်မတ်ကုသဆောင်၌ လူနာခန်းများ၊ ခွဲစိတ်ကုသခန်းများကို လိုက်လံကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၆ မှ

ဆက်လက်၍ ဆရာတော်ကြီးများနှင့် ဘုရားဒါယကာများက ဌာပနာတော်တိုက်သို့ ကြွရောက်တော်မူကြပြီး မင်္ဂလာအချိန်တွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဝစီပိတ်ဆရာတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို သွင်းလှူပူဇော်ပြီး ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ" အစချီသည့် ဇယမင်္ဂလာအောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြပြီး ဘုရားဒါယကာများနှင့် ဗိသုကာပညာရှင်များက ဌာပနာတော်တိုက်ကို ပိတ်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက "အောင်ဆုမင်္ဂလာအမျှဝေစာတမ်း" ကို ဖတ်ကြား၍ အမျှပေးဝေခြင်းနှင့် နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီးနောက် လောကသရဖူစေတီတော် ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို **"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"** သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က လောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်းအဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လောကသရဖူစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

သီလဓမ္မဆေးရုံတော်ဖွင့်လှစ်ခြင်း

ထို့နောက် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ အသစ်ဆောက်လုပ်ပြီးစီးခဲ့သည့် သီလဓမ္မဆေးရုံတော် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဉာဏသိရိက သီလဓမ္မဆေးရုံတော် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျိုင်းတုံဒေသခံ၊ အာခါတိုင်းရင်းသားလူမျိုး အကြီးအကဲ ဦးမင်းညိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မင်္ဂလာအချိန်ရောက်သည့်အချိန်တွင် ဝစီပိတ်ဆရာတော်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သီလဓမ္မဆေးရုံတော်ကို မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သီလဓမ္မဆေးရုံတော် မင်္ဂလာမော်ကွန်းကမ္ပည်းတော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူးက မင်္ဂလာမော်ကွန်းကမ္ပည်းတော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် သီလဓမ္မဆေးရုံတော်အတွင်း လှည့်လည်ကြည့်ရှု၍ သီလဓမ္မဆေးရုံတော်တည်ဆောက်နေစဉ်ကာလအတွင်း သီလဓမ္မဆေးခန်းဖွင့်လှစ်ကုသပေးခဲ့မှုအခြေအနေများ၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် လက်ရှိကာလအထိ ပြင်ပလူနာအဖြစ် ကုသပေးခဲ့မှုအခြေအနေများ၊ ပန်ကွဲတောင်ပေါ်နှင့် ပတ်ဝန်းကျင်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးရန်၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း လာရောက်တရားအားထုတ်သူများ၊ ဘုရားဖူးလာရဟန်းရှင်လူများအတွက် ခရီးသွားကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် သီလဓမ္မဆေးရုံတော်ကို တည်ဆောက်ခဲ့မှုအခြေအနေများ၊ အထူးကြပ်မတ်ကုသဆောင်၌ လူနာများကုသရာတွင် ပြည်တွင်း၊ ပြည်ပမှ အထူးကျွမ်းကျင်သည့် ဆေးပညာရှင်များနှင့် အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးတိုင်ပင်ကုသခြင်းစနစ် (Teleconsultation) ဖြင့် ဆေးကုသမှုများဆောင်ရွက်ပေးထားရှိမှုနှင့် လူနာခန်းများ၊ ခွဲစိတ်ကုသခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး လျှင်ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အလုပ်သမားဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ ရုံးများ ပြန်လည်ပြုပြင်နေမှုနှင့် ယာယီရုံးများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဦးမျိုးသန့်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အလုပ်သမားဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့သို့ သွားရောက်၍ ရုံးများပြန်လည်ပြုပြင်နေမှုအခြေအနေများ၊ ယာယီရုံးများဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် အလုပ်သမားဝန်ကြီးဌာန အဆောက်အဦများ ဆောက်လုပ်မည့် လျာထားမြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအဆောက်အအုံ ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်နေမှု၊ မြေထိန်းနံရံများဖြင့် ကာရံရန် ဆောင်ရွက်မည့်အခြေအနေ၊ ယာယီရုံး Prefabricated Office များ ဆောက်လုပ်၍ ရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ထပ်မံဆောက်လုပ်မည့် ယာယီရုံး Prefabricated Office များ ဆောက်လုပ်ရန် ကြိုတင်လျာထား၍ ရောက်ရှိလာပါက အမြန်တပ်ဆင် တည်ဆောက်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ ယာယီရုံး Prefabricated Office များ ဆောက်လုပ်ပြီးစီးမှု၊ ရုံးအဆောက်အအုံနှစ်လုံး ပြင်ဆင်ပြီးစီးမှုများကို ကြည့်ရှုပြီး ထပ်မံရောက်ရှိလာမည့် ယာယီရုံး Prefabricated Office များကို ကြိုတင်နေရာသတ်မှတ်တည်ဆောက်သွားရန်နှင့် ရွှေ့ပြောင်းမည့်အစီအမံ အသေးစိတ်အား ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်တို့ကို မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဘာသာရေးအသင်းအဖွဲ့နှင့်တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့တို့မှ ခေါင်းဆောင်များနှင့်တွေ့ဆုံ

မြစ်ကြီးနား မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ယနေ့ မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာအပါအဝင် ဘာသာရေးအသင်းအဖွဲ့ ၁၆ ဖွဲ့မှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်တကွ ကချင်ပြည်နယ် အေးချမ်းသာယာရေး၊ စည်ပင်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အစိုးရက အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိရာတွင် ပြည်သူလူထုအားလုံးက ညီညွတ်စွာပူးပေါင်းဆောင်ရွက်ရေးသည် မဖြစ်မနေလိုအပ်သည့်ခွန်အားတစ်ရပ်ပင် ဖြစ်ကြောင်း၊ ဘာသာရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည့် ကဏ္ဍတစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏အန္တိမရည်မှန်းချက်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အများပြည်သူက တက်ကြွစွာပူးပေါင်းပါဝင်ရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါကြောင်း၊ သို့ဖြစ်ပါ၍ ဘာသာရေးခေါင်းဆောင်များအနေဖြင့် ဘာသာအသီးသီး၏ မွန်မြတ်သောသွန်သင်ဆုံးမမှုများနှင့်အညီ နည်းမှန်/ လမ်းမှန် တွေးခေါ်နိုင်ရေးနှင့် ဘာသာအလိုက် မေတ္တာပို့ဆုတောင်းပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ခေါင်းဆောင်များက သက်ဆိုင်ရာသာသာများ အလိုက် သာသနာ့အကျိုးဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်သုံးသပ်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဘာသာရေးခေါင်းဆောင်များထံ အမှတ်တရပန်းခြင်းလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ထို့နောက် အဆိုပါအစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်းချုပ်အပါအဝင် ဌာနေတိုင်းရင်းသားများဖြစ်သည့် ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စု၊ ကရင်၊ ချင်း၊ ရခိုင်မျိုးနွယ်စုများမှ ရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ခေါင်းဆောင်များက ရိုးရာယဉ်ကျေးမှုအသင်းအဖွဲ့ပိုင် မြေနေရာကိစ္စရပ်များ၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြရာ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မိုးနော်နှင့် ကချင်ပြည်နယ်ရှမ်းတိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ပြုံးရည်တို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အခြေခံပညာကျောင်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မိုးရာသီသစ်ပင်များ စိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျောက်ချက်အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသန့်ရှင်းသာယာလှပရေး ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူလူထုများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းတွင်း၊ ကျောင်းပြင်ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေစီးမြောင်းများ စနစ်တကျတူးဖော်ရှင်းလင်းထားရေး၊ ရေဝပ်သည့်နေရာများအား သဲမြေများဖို့ထားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟအိမ်ရာ (၂) ခတ္တာလမ်းသို့ သွားရောက်ပြီး စက်စက်ယိုချောင်းရေစီးရေလာကောင်းမွန်စေရေး ပြန်လည်တူးဖော်နေမှုနှင့် ချောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ချောင်းဘေးမြေထိန်းနံရံများ ပြိုကျမှုမရှိအောင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် ကျောင်းအပ်နှံလက်ခံဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဇေယျသိဒ္ဓိရပ်ကွက်အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခဲ့သောအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပေါင်းလောင်းအားကစားခန်းမသို့ သွားရောက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြုအမျိုးသား၊ အမျိုးသမီးဘော်လီဘောအသင်းများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ မိုးရာသီသစ်ပင်များစိုက်ပျိုးနိုင်ရေး နေပြည်တော် H1လမ်း၊ လေဆိပ်လမ်း၊ ပျဉ်းမနားမြို့ရှောင်လမ်း၊ ဧလာမြို့ဝင်လမ်းနှင့် ရန်ကုန် – မန္တလေး ရထားလမ်းများသို့ သွားရောက်ပြီး မိုးရာသီသစ်ပင်များစိုက်ပျိုးရန် လျာထားသတ်မှတ်ဆောင်ရွက်မှုများ၊ လမ်းမကြီးများအပါအဝင်၊ ကျေးလက်လမ်းများ၏ လမ်းဘေးဝဲ/ ယာများတွင် သစ်ပင်များ စိုက်ပျိုးနိုင်ရေး၊ လမ်းလယ်ကျွန်းများတွင် မြေယာရှင်းပန်းအလှပင်များ ထည့်သွင်းစိုက်ပျိုးနိုင်ရေးတို့ကို အလေးထားကြပ်မတ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇဌာနီလမ်းမကြီး ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း (AC) ခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများက အချိန်ပြည့် အနီးကပ်ကြီးကြပ် ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သိရသည်။

သတင်းစဉ်

လယ်ဝေးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၄

လယ်ဝေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ပြည်သူများသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို မေ ၂၂ ရက်က အမှတ်(၅) ရပ်ကွက်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာကျော် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် နေအိမ်များအတွင်း ခြင်များခိုအောင်းနေထိုင် ပေါက်ပွားမှုမဖြစ်စေရေး သောက်သုံးရေကန်များ၊ ဘုရားပန်းအိုးများ၊ ရေအိုး၊ သောက်သုံးရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရခိုင်တိုင်းရင်းသားအသင်းအဖွဲ့များနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်

နိုင်ငံ၏ အနာဂတ်ကိုရှေးရှု၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဝိုင်းဝန်းလက်တွဲလုပ်ဆောင်မှုဖြင့် တိုင်းပြည်ချစ်စိတ်ကို ပြသရမည်ဖြစ်

ရန်ကုန် မေ ၂၄

ရခိုင်တိုင်းရင်းသားအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရခိုင်တိုင်းရင်းသားအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ “ရိုးမရံစီ” သီချင်း၊ ထူးခြားထင်ရှား၊ ရခိုင်ပြည်နယ်မှ အလှတရားများ မှတ်တမ်းနှင့် “မြေလျှင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံသားတို့၏ စွမ်းရည်မွန်မြတ်သည့်ဂုဏ်ဒြပ်” စသည့် Video Clip တို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က ယနေ့တွေ့ဆုံမှုသည် အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ရခိုင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို တွေ့ဆုံအားပေး၍ လိုအပ်သောအထောက်အပံ့အကူအညီများ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ အကူအညီများပေးအပ်မှုသည် နိုင်ငံတော်ဝန်ကြီးချုပ်၏တိုင်းရင်းသားများအပေါ် အစဉ်ထားရှိသည့် စေတနာတရားပင်ဖြစ်ပါကြောင်း၊ မန္တလေးငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပြီး မိဘပြည်သူတို့၏ တူညီသော စိတ်ထားများကို တွေ့မြင်ခဲ့ရ၍ အနာဂတ်ကာလ၌ စည်းလုံးညီညွတ်မှုဖြင့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဖြစ်စဉ်တွင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရခိုင်တိုင်းရင်းသားအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ပြည်သူတစ်ရပ်လုံး က ဝိုင်းဝန်းကူညီထောက်ပံ့ပေးခဲ့ပြီး မူလအခြေအနေထက် ပိုမိုသာလွန်သောအခြေအနေသို့ရောက်ရှိရေး နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ်တွင် မူတည်ပြီး နိုင်ငံ၏အနာဂတ်ကို ရှေးရှု၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဝိုင်းဝန်းလက်တွဲလုပ်ဆောင်မှုဖြင့် တိုင်းပြည်ချစ်စိတ်ကို ပြသရမည်ဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာရခိုင်တိုင်းရင်းသားများအတွက် စားသောက်ကုန်နှစ်လစာကို ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများနှင့် နေရပ်စွန့်ခွာပြည်သူများ ပြန်လည်တည်ငြိမ်မှုရရှိရန် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယာယီစစ်ဘေးရှောင် ပြည်သူတို့၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းထောက်ပံ့ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မှဒိတာစကားပြောကြားသည်။ ထို့နောက်တက်ရောက်လာကြသော ရခိုင်တိုင်းရင်းသားအသင်းအဖွဲ့များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရခိုင်တိုင်းရင်းသားအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် Container House များ တပ်ဆင်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော်ဗဟိုသင်တန်းကျောင်းဝင်းအတွင်း ဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် Container House များ တည်ဆောက်နိုင်ရန်ပစ္စည်းများ ရောက်ရှိမှု၊ တပ်ဆင်တည်ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပေ (၂၀ x ၂၀) အရွယ်အစားရှိ Container House များ တည်ဆောက်နိုင်ရန်ပစ္စည်းများ ရောက်ရှိမှု၊ တပ်ဆင်တည်ဆောက်နေမှု၊ Footing Block များ ဆောင်ရွက်ပြီးစီးမှု၊ ပေ (၂၀ x ၁၂၀) အရွယ်အစားရှိ Modular (prefabricated) house နှစ်ထပ်အဆောက်အအုံများ တည်ဆောက်နိုင်ရန် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေရရှိရေး၊ မီးရရှိရေး၊ မီးဖိုဆောင်နှင့် သန့်စင်ခန်းများ တည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးသင့်ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ ရေ၊ မီး၊ မိလ္လာ အဆင်ပြေစွာ သုံးစွဲနိုင်ရန်နှင့် လုံခြုံစွာ နေထိုင်နိုင်ရန်အတွက် တပ်ဆင် တည်ဆောက်ခြင်း လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများအား တစ်ပါတည်း ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား ယာယီနေထိုင်သည့် ရွက်ဖျင်တဲများမှ တပ်ဆင်တည်ဆောက်ပြီးစီးသည့် Container House များအတွင်း အမြန်နေရာချထားနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလားတူ ပျဉ်းမနားမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပျဉ်းမနားပင်မဓာတ်အားခွဲရုံဝင်း အတွင်းတွင်လည်း ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အဆင်ပြေစွာဖြင့် လုံခြုံစွာနေထိုင်နိုင်ရန်အတွက် ပေ (၂၀ x ၂၀) အရွယ်အစားရှိ Container House များ တည်ဆောက်နိုင်ရန်အတွက် စက်ယန္တရားကြီးများဖြင့် မြေနေရာ

ပြုပြင်ခြင်း၊ Footing Block များ ဆောင်ရွက်ခြင်း၊ Container House များ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အမြန်တပ်ဆင်တည်ဆောက်ပြီးစီးရေးနှင့် နေရာချထားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပွဲ လူထုလှုပ်ရှားမှုအသွင်ဖြင့် ပျိုးပင်ပေါင်း ၁၃၅၀ စိုက်ပျိုး

ဘားအံ မေ ၂၄

ယခုနှစ်မိုးရာသီတွင် ကရင်ပြည်နယ်သစ်တောဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ကြီးမြန်သစ်ပင်ပေါင်း ၂၁၅၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး ယနေ့နံနက်ပိုင်းက ဘားအံဂေါက်ကွင်း၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပွဲကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပပြီး ပျိုးပင်ပေါင်း ၁၃၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ဘားအံဂေါက်ကွင်းမန်နေဂျာအား ဂေါက်ကွင်းဧရိယာတွင် စိုက်ပျိုးရန် ပျိုးပင်များ ဖြန့်ဝေပေးအပ်သည်။**(အောက်ဝဲပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ သူနာပြုသင်တန်းသား၊ သင်တန်းသူများ၊ ဂေါက်ကွင်းဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဒေသနှင့်ကိုက်ညီပြီး ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသည့် မန်ဂျန်ရှား၊ မအူ၊ ပျဉ်းမ၊ သပြေ၊ ငုရွှေဝါပင် စုစုပေါင်းအပင် ၁၃၅၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

ကဆုန်လ

မောင်လူမွှေး(မြန်မာမှု)

ကဆုန်လအရေးကို ပုဂံခေတ်ကျောက်စာများတွင် "ကုဆုန်" ဟု "က" တွင် "ဥ" သရယှဉ်၍ အရေးများပါ၏။ သက္ကရာဇ်စဉ်အရဆိုပါက ၄၆၉ ခုနှစ်ထိုး ပရိမ္မထီးလှိုင်ရှင်စေတီကျောက်စာ၊ ၅၆၄ နှစ်ထိုး သံပျင်ရင်ကောင်းဘုရားကျောက်စာ၊ ၆၀၃ ခုနှစ်ထိုး ကူနီဘုရားကျောက်စာ၊ ၆၀၈ ခုနှစ်ထိုး ရှင်မဟာကဿပကျောက်စာတို့တွင် တွေ့ရပေသည်။

အချို့သောကျောက်စာတို့တွင်လည်း **"ကူဆုန်" "ခူဆုန်" "ခုဆုန်"** ဟု ရေးထိုးကြလေသည်။ သက္ကရာဇ် ၆၀၀ ကျော်နောက်ပိုင်း ကျောက်စာများတွင်မူ ထို **ကူ-ခူ-ခု** အက္ခရာအရေးမှ **"က"** အရေးများလာပြီး **"ကဆုန်"** ဟု ရေးသားလာလေသည်။

ကဆုန်၌ **"က"** သဒ္ဒါသည် **"ရေ"** အနက်အဓိပ္ပာယ်ဟောဖြစ်ကြောင်းကို ဆရာကြီး ဦးဖိုးလတ်က သူ၏မြန်မာလအမည်များ အဖွင့်ကျမ်းတွင် တရုတ်၊ ထိုင်း၊ တိဗက်၊ ကချင်၊ ချင်း၊ ရှမ်း စသည့် တိုင်းနိုင်ငံလူမျိုးစုတို့၏ ရေတွင်ပေါက်၍ ရှင်သန်သော ကန်စွန်း၊ ကညို့၊ ကတောက်၊ ကုတို့၊ ကုဟာ(ခဝါစသည်) စသည့်ရေနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသော ဝေါဟာရများကို ရှင်းပြထားလေသည်။

ထိုကဲ့သို့ပင် **"ဆုန်"** ကိုလည်း သွန်း၊ ဖျန်း၊ ဆမ်း၊ စီးဆင်း၊ ယိုစီး၊ လောင်း၊ ရွာ စသည့် အနက်အဓိပ္ပာယ်များနှင့် ဆက်စပ်လာကြောင်းကို အထောက်အထားများဖြင့် ဖော်ပြထားလေသည်။

ထို့ကြောင့် **ကဆုန်၊ ကူဆုန်၊ ခူဆုန်၊ ခုဆုန်၊ ကဆုန်**=ရေလောင်းခြင်း၏ အဓိပ္ပာယ်ထွက်ကြောင်း အဘိဓာန်တွင် ဖွင့်ဆိုထားလေသည်။

ဤသဘောကို ကျော်အောင်စံထားဆရာတော်က "ယောမာသော= အကြင်လသည်၊ ကံဥဒကံ=ရေကို၊ ဆိန္ဒတိ=ဖြတ်တတ်၏၊ ဣတိတသ္မာ= ထို့ကြောင့်၊ သောမာသော=ထိုလသည်၊ ကဆိန္ဒံ=ကဆုန်မည်၏။ အဓိပ္ပာယ်ကား ကန်ချောင်း၊ ဆည်မြောင်း၊ ထုံးအင်းအိုင်တို့၌ ရေပြတ်ရေစစ်သောလ ဆိုလိုသည်။ ယူဆရမည်" ဟု ဝေါဟာရတ္ထပကာသနီကျမ်းတွင် ရှင်းပြထားလေသည်။

တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးက ဗုဒ္ဓဝင်ကျမ်းတွင် ကဆုန်လကို "ဥဒက=ရေ၊ ဆိန္ဒ=ဖြတ်တောက်"၊ ဥဒကမှ "က" နှင့် ဆိန္ဒမှ "ဆုန်" ကိုပေါင်းစပ်ကာ ကဆုန်အဖြစ်ပြောင်းလဲလာသည်။ ရေပြတ်သောလဟု ဆိုလိုကြောင်း ဖွင့်ဆိုထားပေသည်။ ဤအဆိုအတိုင်းပင် "တန်ခူးရေကုန်၊ ကဆုန်ရေခန်း"ဆိုသော စကားပုံ ရှိနေရာ မှန်လှပေသည်။

မြန်မာ့ ၁၂ လရာသီများအနက် ကဆုန်လသည် ဝါဆို (မြွယ်တာ= နွယ်တာ)၊ ဝါခေါင် (နံကာ)၊ တော်သလင်း (သစ်ဆင်း)၊ သီတင်းကျွတ် (သန်တူ)၊ တန်ခူး (တာကူး) ဟု မူကွဲမရှိဘဲ မြန်မာစာအရေးအသားပေါ်သည်မှစ၍ ယနေ့တိုင် တစ်သမတ်တည်း တည်လာခဲ့သည်မှာ ထူးခြားလှပေသည်။

ပုဂံခေတ်ထိုး သင်ကြီးညောင်အုတ်ကျောက်စာ (၅၆၃)၊ စောလှဝန်းဘုရားကျောက်စာ (၆၅၃) စသည်တို့အရ ကဆုန်လတွင် ညောင်ရေသွန်းပွဲရှိနေကြောင်း သိရပေသည်။

ကဆုန်လကား ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားရာ လတစ်လဖြစ်ပေသည်။ ကဆုန်လပြည့်နေ့သည် "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်" ဟူသည်နှင့်အညီ သုမေဓာရှင်ရသေ့ဘဝ ဒီပင်္ကရာဘုရားထံမှ "ဘုရားစင်စစ်၊ ဧကန်ဖြစ်လိမ့်မည်" ဟု နိယတဗျာဒိတ်ကို ခံယူတော်မူခြင်း၊ ဘုရားလောင်းဖွားမြင်တော်မူခြင်း၊ မဟာဗောဓိပင်ပေါက်ခြင်း၊ ဤဗောဓိပင်အောက်တွင်ပင် သဗ္ဗညုတဉာဏ်တော်ရတော်မူခြင်း၊ ကဆုန်လတွင်ပင် ပရိနိဗ္ဗာန်ပြုခြင်း စသည်တို့ကြောင့် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကြပေသည်။ ဗုဒ္ဓဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပါဒ် ပါဠိဒေသနာများကို ရွတ်ဖတ်ပြီး ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြသည်။ ဗုဒ္ဓနေ့အဖြစ် ကျင်းပကြသည်။

ကဆုန်လပြည့်နေ့တွင် ဖွားမြင်တော်မူသော ဘုရားလောင်းနှင့် ဖွားဖက်တော်ခုနစ်ပါးတွင် "ကာဠုဒါယီ၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍကာ၊ သေဏ္ဍာ၊ ဗုဒ္ဓဟေ" ဆိုသည့်အထဲတွင် "ဗုဒ္ဓဟေ" ဗောဓိညောင်ပင်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

ဗောဓိညောင်ပင်ကို ပရိဘောဂစေတီတွင် ထည့်သွင်း၍ပူဇော်နိုင်ကြောင်းကို အနာထပိဏ်သူဌေးကြီးနှင့် ရှင်အာနန္ဒာကို အကြောင်းပြု၍ ဟောကြားတော်မူပြီး ခွင့်ပြုတော်မူချက်ရှိပေသည်။ (တေရသကနိပါတ် ကာလိင်္ဂဗောဓိဇာတ်)

ပရိဘောဂစေတီတော်အနေဖြင့် ကိုးကွယ်စိုက်ပျိုး

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မင်းအဆက်ဆက်သည် ဗောဓိပင်ကို ပရိဘောဂစေတီတော်အနေဖြင့် ယုံကြည်ကိုးကွယ်စိုက်ပျိုးခဲ့ကြသည်။ ထိုမင်းများအနက် သီရိဓမ္မာသောကမင်းကြီး၏ ဗောဓိပင်ဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမှာ ထူးခြားလှပေသည်။ (သာသနာနှစ် ၂၃၆)

သမီးတော် သင်္ဃမိတ္တာကို သီရိလင်္ကာသို့ ဗောဓိပင်နှင့်တကွ ကြွရောက်ပြီး သာသနာပြုစေခဲ့သည်။ သီရိလင်္ကာနိုင်ငံရှိ စေတီပုထိုး၊ သာသနိကအဆောက်အအုံများတွင် သင်္ဘောဆိပ်တွင်ဆိုက်ကပ်သော သင်္ဘောပေါ်မှ သင်္ဃမိတ္တာပုံ၊ ဒေဝါနံ ပိယတိဿမင်း၊ ဒက္ခိဏသာခါ ဗောဓိပင်ကိုင်း ထီးဖြူတော်ဖြန့်မိုးစိုက်ထူ၍ ပင့်ဆောင်သော ပန်းချီပုံတို့ကို နေရာအနှံ့တွင်တွေ့ရသည်။

မြန်မာနိုင်ငံနှင့် ဗောဓိပင်ဆိုင်ရာသမိုင်းကြောင်းသည် ပုဂံခေတ်ကပင် စတင်လာသည်ဟု ဆိုရပေမည်။ အနော်ရထာမင်းလက်ထက်တွင် သီဟိုဠ်မင်း ဝိဇယဗာဟု၏သဝဏ်လွှာအရ အနော်ရထာမင်းသည် ပုဂံမှ သံဃာတော်များကို သီဟိုဠ်သို့ ကြွရောက်တော်မူစေကြောင်းကို တွေ့ရသော်လည်း ဗောဓိပင်နှင့်ဆက်စပ်၍ အချက်အလက်မပါသည်ကို တွေ့ရပေသည်။

ကျန်စစ်သားမင်းလက်ထက် အိန္ဒိယပြည် ဗုဒ္ဓဂယာရှိ ဗောဓိညောင်ပင်နှင့် သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့သော မဟာဂါမဝတ္ထု အဆောက်အအုံကြီးများကို သံတမန်အဖွဲ့စေလွှတ်၍ ပြင်ဆင်မွမ်းမံစေခဲ့ကြောင်း တွေ့ရပါသည်။

မြန်မာမှုစာပေလောကတွင် "ဝင်ကိုးဝင်" ရှိပေသည်။ ထိုအထဲတွင် ဗောဓိဝင်= (ဗောဓိပင်သမိုင်း) သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်းအရ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံ၌နန်းတက်တော်မူသည့် အလောင်းစည်သူမင်း၏ မြေးတော် နရပတိစည်သူမင်းလက်ထက်တွင် ပေါင်းလောင်းရှင်ကဿပမထေရ်သည် သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွသွား၍ အပြန်တွင် မဟာဗောဓိညောင်စေ့၊ မဟာစေတီပုံတော်၊ လောဟပါသာဒ ပြာသာဒ်ပုံတော်၊ ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီး နရပတိစည်သူမင်းကို ပေးအပ်ကြောင်း တွေ့ရပါသည်။

ထို့နောက် ပင်းယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် "ပင်းကြားအရပ်၌ ဇမ္ဗူကမည်သော ကျောင်းဆောင်မကြီးနှင့်တကွ အရံကျောင်း ခြောက်ဆောင် တည်ဆောက်ပြီး အရှေ့မြောက်အရပ်တွင် မင်းကြီးကိုယ်တိုင် လက်တော်နှင့်ကိုင်၍ စိုက်တော်မူ၏" ဟု ဖော်ပြထားလေသည်။

မြန်မာ့ရာဇဝင်မင်းဆက်များအရ ထူပါရုံ ဒါယကာမင်း နရပတိကြီး (၈၀၄) လက်ထက်တွင် တစ်ကြိမ်၊ ပြည်စုံမင်းမဟာသီဟသူရ (၈၃၀) လက်ထက်တွင် တစ်ကြိမ်၊ ရာဇဗလစိတ္တ ရာဇတမန်တို့ကို သီဟိုဠ်သို့ စေလွှတ်၍ စွယ်တော်စက်တော်ရာ မဟာစေတီနှင့် မဟာဗောဓိပင်တို့တွင် အလှူတော်ပြုကြောင်း တွေ့ရပေသည်။

မွန်ဘုရင် ဓမ္မစေတီ(၈၃၃)လက်ထက်တွင်လည်း ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်မှပင့်ဆောင်လာသော ဒက္ခိဏသာခါဗောဓိပင်မှရသောမျိုးစေ့ကို စိုက်ပျိုးတော်မူခဲ့သည်။ (ယခု ဝင်ဒါမီယာရှိ ဗောဓိကုန်းနေရာဖြစ်သည်။)

ကုန်းဘောင်ခေတ်တွင် ဘိုးတော်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၆၈ ခုနှစ် တပေါင်းလဆန်း ၇ ရက်နေ့တွင် ရွှေတောင်သင်္ဂသူ၊ ရွှေတောင်သီရိစည်သူတို့အား မဇ္ဈိမဒေသဘုရားပွင့်တော်မူရာ ဗောဓိပင်သို့ ဖူးမြော်ရန်စေလွှတ်ခဲ့သည်။ ထိုမင်းချင်းများ အပြန်တွင်ပင့်ဆောင်လာခဲ့သော ဗောဓိပင်ငယ်နှစ်ပင်ကို မင်းကွန်းဘုရားကြီး၏မြောက်ဘက်တွင် စိုက်ထူသည်ကို ကျောက်စာရေးထိုးခဲ့သည်။ ရှေးခေတ်ဘာသာရေးဆိုင်ရာအစီအစဉ်များဖြင့် စိုက်ပျိုးခဲ့သည်။

ဘကြီးတော်ဘုရားလက်ထက်တွင် (၁၁၈၆) ဝန်ထောက်မင်းကြီး မဟာစည်သူနှင့် စာရေးကြီး မင်းလှနန္ဒကျော်ထင်တို့

စာမျက်နှာ ၁၁ သို့

မြန်မာမှုစာပေလောကတွင် "ဝင်ကိုးဝင်" ရှိပေသည်။ ထိုအထဲတွင် ဗောဓိဝင်= (ဗောဓိပင်သမိုင်း)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်းအရ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံ၌နန်းတက်တော်မူသည့် အလောင်းစည်သူမင်း၏ မြေးတော် နရပတိစည်သူမင်းလက်ထက်တွင် ပေါင်းလောင်းရှင်ကဿပမထေရ်သည် သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွသွား၍ အပြန်တွင် မဟာဗောဓိညောင်စေ့၊ မဟာစေတီပုံတော်၊ လောဟပါသာဒ ပြာသာဒ် ပုံတော်၊ ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီး နရပတိစည်သူမင်းကို ပေးအပ်ကြောင်း တွေ့ရ

နွေရာသီအတီးဘာသာရပ်သင်တန်း ဖွင့်လှစ်ပြီး မျိုးဆက်သစ်လူငယ်များ ထပ်မံမွေးထုတ်

ပဲခူး မေ ၂၄

နွေရာသီအနုပညာသင်တန်း အတီးဘာသာရပ် သင်တန်းဆင်းပွဲအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ မေ ၂၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ နွေရာသီအတီးဘာသာရပ်သင်တန်းမှ ကျောင်းသား ကျောင်းသူများက "မှုံရွှေရည်" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းတက်ရောက်ခဲ့သည့် အခြေခံပညာ ကျောင်းသား ကျောင်းသူများအနေဖြင့် ရိုးရာယဉ်ကျေးမှုတူရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာတီးခတ်သင်ကြားခွင့် ရရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် နွေရာသီ အတီးဘာသာရပ်သင်တန်းအား ပထမအကြိမ် ဖွင့်လှစ်ပေးခဲ့ရာ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး(ဗဟိုအဆင့်)တွင် သင်တန်းသား သင်တန်းသူများမှ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်ငါးခု စုစုပေါင်း ၁၄ ခု ဆွတ်ခူးပေးနိုင်ခဲ့သဖြင့် ယခုအခါ နွေရာသီအတီးဘာသာရပ်သင်တန်း ဖွင့်လှစ်ခြင်းအားဖြင့် အတီးဝါသနာပါသူ မျိုးဆက်သစ်လူငယ်များ ထပ်မံမွေးထုတ်နိုင်ရေး ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က နွေရာသီအနုပညာ သင်တန်း အတီးဘာသာရပ် ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက "မင်္ဂလာနှစ်သစ်"၊ "ဂီတဗိမ္မာန်"၊ "လုလင်ငယ်သွေး" သီချင်းများဖြင့် သီဆိုတီးခတ်ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က နွေရာသီအနုပညာသင်တန်း အတီးဘာသာရပ်အလိုက် တက်ရောက်သင်ကြားခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းတွင် သင်ကြားပေးခဲ့သည့် အတီးအနုပညာရှင် ဆရာကြီးများနှင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်စေရေးအတွက် စောင်း၊ တယော၊ နှဲ၊ ပလွေ၊ စန္ဒရား၊ မယ်ဒလင်၊ မြန်မာဂီတာစသည့် ဒုတိယအကြိမ်မြောက် နွေရာသီအတီးဘာသာရပ်သင်တန်းအား သင်တန်းကာလ တစ်လအဖြစ် ကျောင်းသားကျောင်းသူ ၈၀ အား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ကော့သောင်းမြို့၌ ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်း စာမေးပွဲဖြေဆို

ကော့သောင်း မေ ၂၄

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ကော့သောင်းခရိုင် ပညာရေးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅)စာမေးပွဲကို ကော့သောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက စတင်ဖြေဆိုဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁/၂၀၂၅) စာမေးပွဲတွင် သင်တန်းသား သင်တန်းသူ ဆရာဆရာမ ၉၃ ဦးက သင်ပြနည်းဘာသာရပ်များနှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုဘာသာရပ်များ ဖြစ်ကြသည့် ပညာရေးသဘောတရား၊ ဂီတအနုပညာ၊ ပညာရေးစိတ်ပညာ၊ စိုက်ပျိုးရေး၊ မြန်မာသင်ပြနည်း၊ အိမ်တွင်းမှု/စက်မှု၊ သင်္ချာသင်ပြနည်း၊ ပန်းချီ၊ သိပ္ပံသင်ပြနည်းနှင့် ကာယပညာ၊ အထွေထွေနှင့် လူမှုရေး၊ အင်္ဂလိပ်စာ သင်ပြနည်းများကို မေ ၂၃ ရက်မှ ၃၀ ရက်အထိ သတ်မှတ်ဘာသာရပ်အလိုက် ခုနစ်ရက်တာ ဖြေဆိုရမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း (ပုလဲခန်းမ)၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက ကျောင်းအပ်နှံရေး ပြုလုပ်ရခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသုံးပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ ထီး၊ ကျောပိုးအိတ်တို့ကို ပေးအပ်ကြပြီး "ဘက်စုံပညာကိုရည်ဒို့လှမ်းချီ" သီချင်းဖြင့် သီဆိုကြသည့် အထက(၁၆)ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ကျော်သန်း(ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသည့် မဟာဗောဓိပင်တော်ကို ရွှေနန်းတော်၏ အနောက်တောင်ဘက် ဝန်ကြီးကိုးကွယ်သည့် ကျောင်းတိုက်တွင် ပွဲသဘင်စုံခင်း၍ မင်းကြီးကိုယ်တိုင် စိုက်ပျိုးတော်မူသည်။

သက္ကရာဇ် ၁၂၂၂ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်နေ့တွင် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် မန္တလေးရတနာပုံတောင်မျက်နှာ (ယခုဗောဓိကုန်းအရပ်)၌ သီဟိုဠ်ရဟန်းတော်တို့ စေလွှတ်ပို့သလိုက်သော ဗောဓိပင်နှစ်ပင်တို့ကို မင်းတရားကြီး ကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့သည်။

၁၂၂၇ ခုနှစ် ကဆုန်လတွင် မဇ္ဈိမဒေသ မဟာဗောဓိပင်တော်မှ ဗောဓိကိုင်းကို မန္တလေးနေပြည်တော်၏မြောက်မျက်နှာ (ယခုကျောက်တော်ကြီးဘုရားဝင်းနေရာတွင်) စိုက်ပျိုးတော်မူခဲ့သည်။ တခြားဗောဓိပင်ဆိုင်ရာ ဗောဓိဝင်များအနေဖြင့် မြန်မာပြည်အနှံ့ ဗောဓိပင်ပွားများ ခေတ်အဆက်ဆက်စိုက်ပျိုး၍ ပူဇော်လာခဲ့ကြသည်။

ဗောဓိပင်ပွားများ ခေတ်အဆက်ဆက်စိုက်ပျိုး ပူဇော်လာခဲ့

အထက်၌ဖော်ပြချက်များကို သုံးသပ်၍ မြန်မာပြည်ဗောဓိဝင်သမိုင်းကို ဖော်ပြရပါက အိန္ဒိယ ဗုဒ္ဓဂယာမှလည်းကောင်း၊ သီဟိုဠ်မှလည်းကောင်း ဗောဓိပင်ပွားများ ခေတ်အဆက်ဆက် ရှိလာခဲ့ကြသည်။ ဗုဒ္ဓစွယ်တော်သမိုင်းနှင့် ဗောဓိဝင်သမိုင်းဆိုပါက (ဟံသာဝတီခေတ်သာသနာရေးဆိုင်ရာ စာတမ်းများအရ) သီဟိုဠ်နှင့် ဆက်စပ်မှုကသာများလေသည်။

၂၀ ရာစုနောက်ပိုင်းမှ ဂန္ဓလရာဇ် (တရုတ်ပြည်) နှင့်ဆက်စပ်သော စွယ်တော်ပွားများ န.ဝ.တခေတ်ထိ တွေ့ရပါသည်။ သို့သော် ဗောဓိပင် (ဗောဓိဝင်)အရကမူ အိန္ဒိယ ဗုဒ္ဓဂယာမှ လည်းကောင်း၊ သီဟိုဠ်မှလည်းကောင်း ရောပြွမ်း၍ရှိနေသည်ကို တွေ့ရပါသည်။

ထိုနှစ်နိုင်ငံ ဗောဓိပင်များသမိုင်းအရ အိန္ဒိယနိုင်ငံရှိ မဟာဗောဓိပင်သည် ဟိန္ဒူဘုရင် သသင်္ကသည် ထိုဗောဓိပင်ကို ခုတ်လှဲဖျက်ဆီးခဲ့သည်။ ထိုခုတ်လှဲသောနေရာမှ ဗောဓိပင်တစ်ပင် ပေါက်လာခဲ့သည်။ ထိုဗောဓိပင်သည်လည်း ခရစ်နှစ် ၁၈၇၀ ပြည့်နှစ်တွင် အပင်လဲသွားရာ ဗြိတိသျှအစိုးရအမိန့်ဖြင့် ပြင်ဆင်မွမ်းမံခဲ့သည်။ ထိုစဉ်က တာဝန်ယူခဲ့သူ ဆာအလက်ဇန္ဒားကနင်က မူလဗောဓိပင်နေရာမှ လဲကျသွားသောပင်မမှ အကိုင်းကြီးတစ်ကိုင်းကို ပြုပြင်တည့်မတ်၍ထားခဲ့သည်။ ယခုဖူးတွေ့ရသော မဟာဗောဓိပင်ဖြစ်သည်။

ဟံသာဝတီခေတ် ဓမ္မစေတီမင်းလက်ထက်တစ်လျှောက် မြန်မာ-သီဟိုဠ် သာသနာဆက်ဆံရေးသည် အလွန်ကောင်းမွန်ခဲ့ကြောင်းကို သာသနာလင်္ကာရစာတမ်းနှင့် ဝံသဒီပနီကျမ်းများက ဖော်ပြနေပေသည်။ ထိုစဉ်ကာလက မြန်မာပြည်အနှံ့ သီဟိုဠ် ဗောဓိပွားများရောက်ရှိခဲ့ပါသည်။

နောက်ပိုင်းတွင် အိန္ဒိယ ဗုဒ္ဓဂယာမှ ဗောဓိပင်ပွားများရောက်ရှိခဲ့ပြန်ပါသည်။ မြန်မာနိုင်ငံ တစ်နံ့တစ်လျား တန်ခိုးကြီးဘုရားစေတီများတွင် ဗုဒ္ဓဂယာမှ ဗောဓိပင်ပွားများ၊ ဗောဓိမျိုးစေ့များ ရောက်ရှိလာလေသည်။ ကိုလိုနီခေတ်တွင် တောင်ငူနှင့် ရေတာရှည်၌ သီတင်းသုံးတော်မူသည့် မယ်ဒက်တောရဆရာတော်သည် သာသနာတော်နှစ် ၂၄၆၄၊ ကောဇာသက္ကရာဇ် ၁၂၈၂၊ ကဆုန်လပြည့် စနေနေ့ (၁-၅-၁၉၂၀) ရက်နေ့တွင် ဗောဓိမျိုးစေ့များကိုပျိုး၍ နောင်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (၂၃-၁၁-၁၉၂၁) ဗုဒ္ဓဟူးနေ့တွင် မြန်မာပြည်အနှံ့ တန်ခိုးကြီးမား ထင်ရှားသော ရွှေတိဂုံစေတီတော်၊ ကျိုက်ထီးရိုးစေတီတော်၊ သထုံရွှေစာရံ၊ မန္တလေးမဟာမုနိ၊ ပြည်မြို့ရွှေဆံတော်၊ မကွေးမြသလွန်၊ ညောင်ဦး ရွှေစည်းခုံ စသည့်ဘုရားစေတီတော်ပေါင်း ၃၄ နေရာတွင် စိုက်ပျိုးပူဇော်လေသည်။

ရွှေတိဂုံစေတီတော်တည်ရာ သိင်္ဂုတ္တရကုန်းတော်တွင် ဗောဓိပင်လေးပင်ရှိရာ ဗုဒ္ဓဂယာမှ ဗောဓိပင်မျိုးများသာ ဖြစ်ပါသည်။ အင်္ဂါထောင့်အပင်မှာ ဖော်ပြပါ မယ်ဒက်ဆရာတော်စိုက်ပျိုးခဲ့သော ဗောဓိပင်ဖြစ်ပေသည်။

ရာဟုထောင့်ဗောဓိပင်မှာ မြန်မာ့လွတ်လပ်ရေးနှင့် ဖွားဖက်တော်ဟု ဆိုရပါမည်။ ၄-၁-၁၉၄၈ ရက်နေ့ မြန်မာ့လွတ်လပ်ရေးနေ့တွင် စိုက်ပျိုးခဲ့သည်။

ကမ္ဘာ့သက်တမ်းအရှည်ဆုံး သစ်ပင်များစာရင်းတွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား အရှေ့ပိုင်းတွင် Methuselah ဟု လူသိများသော Great Basin Bristlecone သစ်ပင်သည် သက်တမ်းအရှည်ဆုံးဖြစ်၍ ဤဗုဒ္ဓဂယာရှိဗောဓိပင်မှာ (ဖျက်ဆီးခဲ့သော်လည်း မူလအပင်မှ အကိုင်းပင်ဖြစ်၍) ဒုတိယသက်တမ်းအရှည်ဆုံး ဖြစ်သည်ဟု ယူနက်စကို(UNESCO)က ထုတ်ပြန်ထားသည်ဟု သိရပါသည်။

၁၉၉၈ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံတွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ်သတ်မှတ်ရေး (ခရစ္စမတ်ရက်စသည်ကဲ့သို့) အဆိုကို သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာနက ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းခဲ့ကြောင်း၊ ထိုအဆိုကို မြန်မာနိုင်ငံအပါအဝင် ထေရဝါဒ၊ မဟာယာနအပါအဝင် ဗုဒ္ဓဘာသာကိုးကွယ်သည့် လူဦးရေရှိသော နိုင်ငံ ၃၄ နိုင်ငံက ထောက်ခံခဲ့ကြကြောင်း၊ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရပါသည်။

ထို့ကြောင့် မဟာဗောဓိနှင့် ကဆုန်ညောင်ရေသွန်းခြင်း ဒြပ်မဲ့ယဉ်ကျေးမှုသည် နောင်အနာဂတ်တွင်လည်း ထာဝရတည်ရှိနေမည်ဖြစ်ပါသတည်း။ ။

✪ ✪ ✪

ရေကြောင်းလူငယ်အခြေခံ / တန်းမြင့်သင်တန်း အမှတ်စဉ်(၁ / ၂၀၂၅)နှင့် လေကြောင်းလူငယ်အခြေခံ / တန်းမြင့်သင်တန်း အမှတ်စဉ်(၁ / ၂၀၂၅)သင်တန်းများမှ သင်တန်းသား / သင်တန်းသူများ၊ နည်းပြနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲများ ကျင်းပ

နေပြည်တော် မေ ၂၄

လေ့လာရေးခရီး သွားရောက်ခဲ့ကြသည့် ရေကြောင်းလူငယ် အခြေခံ/တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်း၊ မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြနှင့်ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ မောရဝတီရေတပ်စခန်း ဌာနချုပ်၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကြီးကြပ်သူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် သင်တန်းသား သင်တန်းသူများ၏ လက်တွေ့သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိလာသည့် လေကြောင်းလူငယ် အခြေခံ/တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသား သင်တန်းသူများ၊ နည်းပြနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို မော်လမြိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်း (ရွှေနတ်တောင်)၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကြီးကြပ်သူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား/သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့အပြင် လေ့လာရေးခရီးသွားရောက်ရာမှ ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည့် ပုသိမ်လေတပ်စခန်းဌာနချုပ် အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁ / ၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁ / ၂၀၂၅)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူများအား သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးသို့ ပြန်လည်ပို့ဆောင်

နေပြည်တော် မေ ၂၄

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် ယနေ့တွင် လေ့လာရေးခရီးစဉ်များ ပြီးမြောက်၍ လေကြောင်းလူငယ်သင်တန်းစခန်းများ ဖွင့်လှစ်ခဲ့သည့် ဒေသအသီးသီးသို့ တပ်မတော်လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ပြီး သင်တန်းစခန်းအလိုက် သင်တန်းတာဝန်ခံများက သင်တန်းသား သင်တန်းသူများအား မိဘများထံ စနစ်တကျ ပြန်လည်ပို့ဆောင် အပ်နှံပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၂၄ ရက်အထိ သေဆုံးသူ ၃၇၃၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၅ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၉ ဦး ရှာဖွေပေးနိုင်သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၃ ရက် ညနေ ၅ နာရီမှ မေ ၂၄ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် သင်္ဘောဆိပ်များသို့ ပြည်ပနိုင်ငံ အဖွဲ့အစည်းများ၏ လှူဒါန်းပစ္စည်းရောက်ရှိမှုများမှာ မေ ၂၃ ရက်တွင် Lotus Light Charity Society က လှူဒါန်းသည့် အသင့်စားခေါက်ဆွဲခြောက် အလေးချိန် ၀ ဒသမ ၁၆၅ တန် သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လည်းကောင်း၊ အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ဘိလပ်မြေ အိတ် ၄၅၀၀ အလေးချိန် ၂၂၅ တန်သည် သီလဝါဆိပ်ကမ်းသို့လည်းကောင်း၊ မေ ၂၄ ရက်တွင် တရုတ်နိုင်ငံက လှူဒါန်းသည့် Modular (prefabricated) House Package အလုံး ၃၆၀ သည် သီလဝါဆိပ်ကမ်းသို့လည်းကောင်း ရောက်ရှိခဲ့ပြီး အဆိုပါစားသောက်ကုန်ပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား၊ပဲ၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ၅၄ ရက်မြောက်အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၂၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၅၄ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မေ ၂၄ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) အိတ် ၄၀၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) အိတ် ၂၀၊ ဆီ ပိဿာ ၁၃၂၀၊ ဆား ရှစ်ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၅ ထုပ်၊ ငါးပိ ငါးပိဿာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၅ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၄ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၆ ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သားပါ ၁၈ ထုတ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ကြက်ဥ အလုံး ၃၀၀၊ ဘဲဥအလုံး ၆၀၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် မေ ၅ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းမြို့၌ ဆန် ၂၄ ပြည်ပါ(ရွှေဝါထွန်း) ၃ အိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား ၃ ပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ ၁ ပိဿာ၊ ငါးနီတူခြောက် ၁ ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ ၃ ထုပ်၊ ကြက်ဥအလုံး ၆၀၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ၅ ပိဿာနှင့် အသားတု ၂ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ယနေ့တွင် မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၆ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀၊ ဆား ၁ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၄ ထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ ၂ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၂ ထုပ်၊ အာပုံ့ခြောက် ၁၀ ကျပ်သား ၃ ထုပ်၊ ကြက်ဥ အလုံး၂၃၆၀ ၊ ဘဲဥ အလုံး ၆၁၀ နှင့် ခေါက်ဆွဲခြောက် ၄၅ ထုပ်တို့ကို သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည် ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော် အောင်ပွဲအထိမ်းအမှတ် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၄

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၂၀၁၄-၂၀၁၅ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော် အောင်ပွဲအထိမ်းအမှတ် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲကို စေတီတော်အထက်ပစ္စယံ ပတ္တမြားမျက်ရှင်တန်ဆောင်းနှင့် စေတီတော်အာရုံခံမုခ်ဦး လေးဘက်ညှော့ခံတန်ဆောင်းများ၌ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဂေါပကရုံးဝန်ထမ်းများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သြဝါဒါစရိယဆရာတော်ကြီး ၁၁ ပါးနှင့် ပင့်သံဃာတော် ၁၀၈ ပါးတို့က ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ကြသည်။

ယင်းနောက် သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေစက်ချအနုမောဒနာ အခမ်းအနားကို စေတီတော်ရင်ပြင်မြောက်ဘက်မုခ်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ တေးထပ်အား တေးသံရှင်ရွှန်းလဲ့အောင်က စောင်းဖြင့်တီးခတ်၍ စေတီတော်မြတ်ကြီးအား ပူဇော်ကန်တော့သည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ ပိဋကရေခမ္ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတသ•စ•အ ဓမ္မာစရိယ ပါဠိ ပါရဂူတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ထံမှ ညှော့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက သြဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ နိုင်ငံတော် သြဝါဒါစရိယ၊ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မွန်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မော်လမြိုင် မေ ၂၄

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းဝင်းအတွင်းနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စာသင်ကျောင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မော်လမြိုင်မြို့တွင် မိုးဦးကျရာသီ ရောက်ရှိလာပြီဖြစ်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများဦးဆောင်၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်တွင် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ စာသင်ကျောင်းများအပါအဝင် နေအိမ်များရှိ ခြင်များ၊ ပိုးလောက်လမ်းများ ပေါက်ပွားနိုင်သည့် ရေလှောင်ကန်များ၊ ရေစည်များ၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို လိုက်လံစစ်ဆေးပြီး ပိုးလောက်လမ်းမရှိစေရေး အဘိတ်ဆေးများခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကျန်းမာရေး ဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများ ရပ်ကွက်၊ ကျေးရွာနေ အများပြည်သူများပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

နာပိုလီအသင်းသည် ရာသီသိမ်းပွဲစဉ်တွင် ပြိုင်ဘက် ကက်ဂလီယာရီ မန်ယူကစားသမားဟောင်းများဖြစ်သည့် တွန်မီနေး၊ လူကာကူတို့၏ သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နာပိုလီအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၄၂ မိနစ်နှင့် ၅၁ မိနစ်တို့တွင် တွန်မီနေးနှင့် လူကာကူတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ကက်ဂလီယာရီအသင်းသည် ပွဲချိန်တစ်လျှောက်တွင် နာပိုလီအသင်း၏ တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရပြီး တုံ့ပြန်တိုက်စစ်ဆင်မှုအနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ ကက်ဂလီယာရီအသင်းသည် ရာသီပိတ်ပွဲစဉ်တွင် နာပိုလီအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် စီးရီးအေ ၃၈ ပွဲကစားပြီး ရမှတ် ၃၆ မှတ်သာ စုဆောင်းနိုင်ခဲ့သည်။

မေ ၂၄ ရက် နံနက်ပိုင်းက တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့သည့် ကိုမိုနှင့် အင်တာမီလန်အသင်းပွဲစဉ်တွင် အင်တာမီလန်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အောင်ဇော်

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

❑ *ကျောဖုံးမှ*

ရှောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

ယနေ့ညနေမှ ၁-၆-၂၀၁၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြု မော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။



အီးယူအပေါ် ၅၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မည်ဟု ထရမ့် ခြိမ်းခြောက်

ဝါရှင်တန် မေ ၂၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇွန်လ ၁ ရက်မှစတင်ကာ ဥရောပသမဂ္ဂက ကုန်ပစ္စည်းများအပေါ် အခွန် ၅၀ ရာခိုင်နှုန်း စည်းကြပ်မည်ဟု တွန်းအားပေးလျက်ရှိကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့ကြီးနှင့် စေ့စပ်ညှိနှိုင်းမှုများ မရှိတော့ကြောင်း လူမှုကွန်ရက်မီဒီယာ၌ ထရမ့်က မေ ၂၃ ရက်တွင် ရေးသားခဲ့သည်။

သွင်းကုန်အတားအဆီးများနှင့် ငွေကြေးခြယ်လှယ်မှုများကြောင့် ဥရောပသမဂ္ဂနှင့် အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုမှာ လက်ခံနိုင်ဖွယ်ရာမရှိဟု ၎င်းကဆက်ပြောသည်။ ဥရောပသမဂ္ဂသည် အမေရိကန်ထံမှ အားသာချက်များကိုရယူနေပြီး သဘောတူညီချက်ရရှိအောင် ပြုလုပ်တော့မည်မဟုတ်ဟု ၎င်းက ဝါရှင်တန်ရှိ သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဥရောပသမဂ္ဂ ခေါင်းဆောင်များသည် မူဘောင်အသစ်တစ်ခုကို အဆိုပြုခဲ့သည်ဟု အမေရိကန်မီဒီယာဖြစ်သည့် ဘလွန်းဘာ့ဂ်တွင်ဖော်ပြထားသည်။ လယ်ယာထွက်ကုန်နှင့် စက်မှုလုပ်ငန်းသုံး ကုန်စည်အချို့အပေါ် အကောက်ခွန်များ တဖြည်းဖြည်းချင်းလျှော့ချရန် နှစ်ဖက်စလုံးက တောင်းဆိုမည့်အစီအစဉ်ဖြစ်သည်။ အမေရိကန်တွင် ထုတ်ကုန်များတိုးမြှင့်ရန် ထရမ့်၏ကြိုးပမ်းမှုမှာ နည်းပညာကုမ္ပဏီကြီးဖြစ်သည့် အပ်ပဲပေါ်တွင် သက်ရောက်မှုရှိလာကြောင်း သိရသည်။

အပ်ပဲကုမ္ပဏီသည် ၎င်း၏ကုန်ပစ္စည်းများကို အမေရိကန်တွင် ထုတ်လုပ်ရန်နှင့် ထိုသို့မပြုလုပ်ပါက အခွန် ၂၅ ရာခိုင်နှုန်းစည်းကြပ်မည်ဟု ထရမ့်က ပြောသည်။

အင်န်အိတ်ချ်ကေ

အင်ဒိုနီးရှား၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

ဂျကာတာ မေ ၂၄

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ဘန်ကူလူပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခု မေ ၂၃ ရက် နံနက်ပိုင်းက လှုပ်ခတ်ရာ လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ်အချို့ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဘန်ကူလူ မြို့ခံများသည် ငလျင်လှုပ်မှုကို သိသိသာသာ ခံစားခဲ့ရသည်ဟု ဘန်ကူလူပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လျှော့ပါးရေးအေဂျင်စီအတွင်းရေးမှူး ရေဇာအက်ဖရီယန်တို့က ဆင်ဟွာသတင်းဌာနသို့ ပြောသည်။ ငလျင်လှုပ်ခတ်မှုကြောင့် ပြည်နယ်၏ မြို့တော် ဘန်ကူလူမြို့တွင် နေအိမ် ၃၃ လုံးခန့်နှင့် အဆောက်အအုံတစ်လုံး ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သည့်အပြင် လူပေါင်းများစွာလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒဆိုင်ရာ အေဂျင်စီသည် အဆိုပါ ငလျင်ပြင်းအားကို ကနဦးတွင် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိသည်ဟု သတ်မှတ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြင်းအားကို ပြန်လည်ပြင်ဆင်လျှော့ချခဲ့ခြင်း ဖြစ်သည်။ ငလျင်မှာ မေ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၅၂ မိနစ်က ဘန်ကူလူမြို့၏ အနောက်တောင်ဘက် ၄၇ ကီလိုမီတာခန့်အကွာ ပင်လယ်ကြမ်းပြင်အောက် အနက် ၈၄ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်း ဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် လှိုင်းလုံးကြီးများ မဖြစ်ပေါ်နိုင်သည့်အတွက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိပေ။ အင်ဒိုနီးရှားနိုင်ငံသည် ငလျင်လှုပ်ခတ်မှု အများဆုံးဖြစ်သည့် ပစိဖိတ်မီးကွင်းဒေသတွင် တည်ရှိသောကြောင့် မကြာခဏငလျင်လှုပ်ခတ်လေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

ထိုင်းနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ သုံးဦးသေဆုံး

ဗန်ကောက် မေ ၂၄

ထိုင်းနိုင်ငံ ပရာချွတ်ခီရီခန်းပြည်နယ်တွင် မေ ၂၄ ရက်က ရဲတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ သုံးဦး သေဆုံးကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောသည်။

ဘဲလ် ၂၁၂ အမည်ရှိ အဆိုပါရဟတ်ယာဉ်သည် လေ့ကျင့်ပျံသန်းမှု ပြုလုပ်နေစဉ်အတွင်း ဝင်းဂ်-၅ လေတပ်အခြေစိုက်စခန်းအနီး၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဆင်ဟွာ

ပရာချွတ်ခီရီခန်းပြည်နယ်၌ ရဟတ်ယာဉ်ပျက်မှုဖြစ်ပွားပြီးနောက် မီးငြိမ်းသတ်နေမှုကို မေ ၂၄ ရက်က တွေ့ရစဉ်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ရေကြီး၊ သုံးဦး သေဆုံး

မနီလာ မေ ၂၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလ်တန် ကူဒါရက်ပြည်နယ်ရှိ ကျေးရွာများတွင် ရေကြီးနစ်မြုပ်မှုများကြောင့် သုံးဦး ရေထဲမျောပါ သေဆုံးခဲ့ကြောင်း ပြည်နယ် အာဏာပိုင်များက မေ ၂၄ ရက်တွင် ပြောကြားသည်။

၎င်းတို့ထဲတွင် အသက် ၃၄ နှစ်အရွယ် မိခင်နှင့် အသက် ၁၂ နှစ်အရွယ် သမီးငယ်တစ်ဦးအပြင် ကာလာမန်ဆစ်မြို့မှ အသက် ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးတို့သည် မေ ၂၃ ရက်က ရေကြီးမှုကြောင့် သေဆုံးသွားခဲ့ကြောင်း မြို့နယ်ဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးမှ တာဝန်ရှိသူများက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၏ တောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ ဒေသဧရိယာများစွာသည် အပူပိုင်းမုတ်သုံ မိုးဆက်တိုက်ရွာသွန်းနေသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဖိလစ်ပိုင် အမျိုးသားဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီက မက်ဂင်ဒါနာအိုဒဲလ်ဆာရ်ပြည်နယ်၌ ရေကြီးမှုဒဏ်ခံစားနေရသူ နှစ်သိန်းခန့်ရှိကြောင်း ထုတ်ပြန်ထားသည်။

ဆင်ဟွာ

ဆီးရီးယားအပေါ် ပိတ်ဆို့ထားမှုများ ဖြေလျှော့ပေးဟု အမေရိကန် ကြေညာ

ဝါရှင်တန် မေ ၂၄

ဆီးရီးယားအပေါ် ပိတ်ဆို့ထားမှုများ ဖြေလျှော့ပေးသည့် အထွေထွေလိုင်စင် ထုတ်ပေးလိုက်ကြောင်း အမေရိကန် ဘဏ္ဍာရေးဌာနက ကြေညာသည်။ ဆီးရီးယားနိုင်ငံအပေါ် ပိတ်ဆို့ထားမှုများ အားလုံးဖယ်ရှားပေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်နှင့်အညီ အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်ခဲ့ကြောင်း အဆိုပါဌာနက မေ ၂၃ ရက်တွင် ကြေညာခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ကြားဖြတ်အစိုးရသည် နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်။ အမေရိကန်သမ္မတသည် မေ ၁၃ ရက် ဆော်ဒီအာရေဗျ နိုင်ငံသို့လာရောက်လည်ပတ်စဉ် ဆီးရီးယားနိုင်ငံအပေါ် ပိတ်ဆို့ထားမှုများဖယ်ရှားပေးမည်ဟု ကြေညာခဲ့သည်။ ထရမ့်၏ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း ဆီးရီးယားကြားဖြတ်အစိုးရသမ္မတ အာမက်အယ်ရှာရာနှင့် ရီယာ့ဒ်မြို့၌ တွေ့ဆုံခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ပိတ်ဆို့ထားမှုများ ဖယ်ရှားပေးခြင်းသည် ဆီးရီးယားနှင့် အမေရိကန်ကြား ဆက်ဆံရေးအသစ်တစ်ခု ထူထောင်လိုသည့် အမေရိကန်သမ္မတ၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာတွင် ပထမခြေလှမ်းဖြစ်သည်ဟု ပြောသည်။

အင်န်အိတ်ချ်ကေ

မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၃၀၀၀ ကျော်ရှိ

အူလန်ဘာတာ မေ ၂၄

မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါကူးစက်ခံရသူ ၃၀၄၂ ဦး ရှိလာကြောင်း မွန်ဂိုလီးယားနိုင်ငံ ကူးစက်ရောဂါများဆိုင်ရာ အမျိုးသားဗဟိုဌာနက မေ ၂၄ ရက်တွင် ထုတ်ပြန်ထားသည်။

၎င်းတို့အနက် ဝက်သက်ရောဂါကူးစက်ခံရသူ လူနာ ၉၅ ဦး ပြန်လည်သက်သာလာခဲ့ပြီး စုစုပေါင်း ပြန်လည်သက်သာလာသူဦးရေ ၁၉၀၄ ဦးအထိ ရှိပြီဖြစ်ကြောင်း အဆိုပါဌာနက ထုတ်ပြန်ထားသည်။

မွန်ဂိုလီးယား ဆရာဝန်များ အဆိုအရ နောက်ဆုံးအတည်ပြုလူနာများအနက် ထက်ဝက်ကျော်သည် ဝက်သက်ကာကွယ်ဆေး တစ်ကြိမ်တည်းသာ ထိုးနှံထားသည့် ကျောင်းနေအရွယ်ကလေးငယ်များဖြစ်ကြောင်း၊ ထို့ကြောင့် ဝက်သက်ကာကွယ်ဆေး နှစ်ကြိမ်ထိုးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို ကာကွယ်ရန် မိဘများထံ အကြံပြုထားသည်။

ဝက်သက်ရောဂါသည် လေထဲမှတစ်ဆင့်အပြင် တိုက်ရိုက်ထိတွေ့မှုမှတစ်ဆင့် ကူးစက်နိုင်သော ကူးစက်မြန် ဗိုင်းရပ်စ်ရောဂါဖြစ်ကြောင်း၊ အဖြစ်များသော နောက်ဆက်တွဲ ပြဿနာများမှာ အဖျားတက်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်းနှင့် မျက်လုံးများ ရောင်ရမ်းခြင်းတို့ဖြစ်သည်။ ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါကို ကာကွယ်နိုင်ကြောင်း မွန်ဂိုလီးယား ကူးစက်ရောဂါများဆိုင်ရာ အမျိုးသားဗဟိုဌာနက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီများ၊ သာသနိကအဆောက်အအုံများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုနှင့် ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ငလျင်ဘေးဒဏ်သင့် ခရိုင်မီးသတ်ဦးစီးဌာနကို ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Modular Office ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လည်းကောင်း၊ စကုမှော်ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း ဆောင်ရွက်ပေးအပ်ခြင်း အခမ်းအနားကိုတက်ရောက်၍ ပြည်သူများလက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျ ပေးအပ်ခဲ့ပြီး နေ့ချင်းပြီးဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့်တာဝန်ရှိသူများသည် မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ဝန်ချီစက်တင်သင်္ဘောများ လုပ်ငန်းနေရာ ရွှေ့ပြောင်းဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ ယာယီရုံးခန်းဖွင့်လှစ်ထားရှိမှု၊ ယာယီရှင်းလင်းဆောင်တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့သွားရောက်၍ ဦးစီးပဓာနနာယကဆရာတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းတိုက်အတွင်းရှိ အလယ်တိုက်ကျောင်းတော်ကြီး၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင်နေရာများတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဉာဏဝတီသီလရှင်စာသင်တိုက် တကောင်းတိုက်သို့လည်းကောင်း၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ကျေးရွာရှိ သတ္တဌာနဘုရားနှင့် တောင်လေးလုံးကျောင်းတိုက်သို့လည်းကောင်း၊ မှန်တန်းရပ်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့် မြတ်စွာဘုရားသို့လည်းကောင်း၊ ဝါးတန်းမြောက်ရပ်ရှိ သက်တော်ရ၊ သက်တော်ရှည်မြတ်စွာဘုရားသို့ လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ အခမဲ့ ဆေးပေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရန်ကုန်-မန္တလေး လမ်းမကြီးကို မီးသတ်ယာဉ်များအသုံးပြု၍ ပရိုတ်ရေပက်ဖျန်းခြင်းနှင့်အတူ လမ်းမကြီးနှင့် လမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

၎င်းနောက် ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်ရှိ ကုန်းမြင့်သာစာသင်တိုက်နှင့် ရဲစုရပ်ကွက်ရှိ ဓမ္မရတနာကျောင်းတိုက်တို့ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ အထက(ကူမဲ)တွင် ယာယီကျောင်းဆောင်အဆောက်အအုံသုံးလုံး ဆောက်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ကူမဲမြို့အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူသူဦးရေ ၇၃၅ ဦးရှိခဲ့ပြီး ဘိလပ်မြေအိတ် ၃၇၈၃၀၊ ၁၀ မီလီမီတာသံချောင်း ၇၆ တန်၊ ၁၆ မီလီမီတာသံချောင်း ၁၂၃ ဒသမ ၅၀ တန်နှင့် အထပ်သားပြား ၂၄၅၃ ချပ်တို့ကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် မေ ၂၄

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ကြီးမှူး၍ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့(Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော **“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း”** (Forum on Rebuilding Myanmar: Post–Earthquake Economic Recovery) သုံးသပ် ဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲတွင် “မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ်ရိုက်ခတ်မှုများ”၊ “စီးပွားရေးပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ”၊ “စီးပွားရေးပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း” စသည့်ခေါင်းစဉ်သုံးခုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ (Observer) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများအား သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အခင်းအကျင်းနှင့် ပထဝီစီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း” သုံးသပ်ဆွေးနွေးပွဲကျင်းပနေမှုကို MOI Website အပါအဝင် Myanmar Narrative Facebook Page၊ MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https://myanmarnarrative.org/ ၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ၊ ဖုန်း ၀၆၇ – ၃၄၁၂၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၂)

ဒေါက်တာ မျိုးကြွယ်

၁၉၈၆ ခုနှစ်တုန်းက ကျွန်တော် မဟာစိုက်ပျိုးရေးပညာသင်ကြားခဲ့သော ဩစတြေးလျနိုင်ငံကို ခေတ္တရောက်ရှိစဉ် စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် အထွေထွေအတွေးတစ်စကို ဆက်လက်ဆွေးနွေးလိုပါသည်။ ဩစတြေးလျက စိုက်ပျိုး၊ မွေးမြူရေးမှာ ထိပ်တန်းရောက်နေပြီး စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များစွာ နိုင်ငံတကာသို့ တင်ပို့လျက်ရှိနေပါသည်။

ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးပို့ကုန် ထိပ်တန်းရောက်နေရခြင်း အကြောင်းအချက်များ (Why Australia Excels in Agricultural Exports)

(က) **စက်မှုလယ်ယာစနစ်ကို ကွင်းကျယ်စနစ်တွင်အသုံးပြုနိုင်ခြင်း** ။ စိုက်ပျိုးမွေးမြူရေးအတွက် မြေဧရိယာ ကျယ်ပြန့်လွန်း၍ စက်မှုလယ်ယာစနစ်ကို စနစ်ကျစွာ ဆောင်ရွက်နိုင်ပါသည်။ ခေတ်မီ လယ်ယာသုံးစက်ပစ္စည်းများနှင့် တိကျသော စိုက်ပျိုးမွေးမြူရေးကို အသုံးပြု၍ လယ်ယာထုတ်လုပ်မှု တိုးတက်ကာ နိုင်ငံတကာသို့ ပိုမိုပို့ဆောင်နိုင်ပါသည်။

(ခ) အားကောင်းသော ဇီဝလုံခြုံမှုနှင့် အရည်အသွေးထိန်းချုပ်မှုရှိခြင်း ။ စည်းကမ်းတင်းကျပ်သော စည်းမျဉ်းများက လုံခြုံစိတ်ချ၊ သန့်ရှင်း၊ အရည်အသွေး မြင့်မားသော ထုတ်ကုန်များ ရရှိစေပါသည်။

(ဂ) **နိုင်ငံ၏ကွဲပြားသော ရာသီဥတုများစွာရှိခြင်း** ။ ဩစတြေးလျနိုင်ငံ၊ ပြည်နယ်အားလုံးရှိ ကွဲပြားခြားနားသောရာသီဥတုကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များစွာ ထုတ်လုပ်နိုင်ပါသည်။ ဥပမာ - ဩစတြေးလျ တစ်နိုင်ငံလုံးလွင်ပြင်ရာသီတွင် စိုက်ပျိုးသော ဂျုံများမှစ၍ သမပိုင်းတွင် စိုက်ပျိုးနိုင်သော စပျစ်သီးများအထိရှိပါသည်။

(ဃ) **ကောင်းမွန်ဆန်းသစ်သောစိုက်ပျိုးမွေးမြူရေးဆိုင်ရာသုတေသနနှင့်တီထွင်မှု များစွာဆောင်ရွက်ပေးနိုင်ခြင်း** ။ နိုင်ငံတော်ဖက်ဒရယ်သုတေသနဌာနနှင့် ကမ္ဘာကျော် စိုက်ပျိုးမွေးမြူရေးဆိုင်ရာသုတေသနတက္ကသိုလ်များ ရှိပေးနေခြင်းက စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကမ္ဘာ့ထိပ်တန်းရောက်နေခြင်း အချက်တစ်ခုဖြစ်ပါသည်။

(င) ထုတ်ကုန်များ နိုင်ငံတကာပို့နိုင်သော အခြေခံအဆောက်အဦများစွာရှိခြင်း ။ ခေတ်မီ ပင်လယ်ဆိပ်ကမ်းများ၊ ခေတ်မီသယ်ယူပို့ဆောင်ရေးစနစ်များ၊ အာရှပစိဖိတ်နိုင်ငံများနှင့် ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက် များစွာရှိနေခြင်းကလည်း အားသာချက်တစ်ခုဖြစ်နေပါသည်။

(စ) အစိုးရပံ့ပိုးမှုများစွာရရှိခြင်း ။ အစိုးရကုန်သွယ်ရေးဌာန၊ ဩစတြေးလျ စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဦးစီးဌာနကဲ့သို့သော အစိုးရလုပ်ငန်းများမှ တောင်သူများ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကောင်းရစေရန် မူဝါဒ၊ ထောက်ပံ့ငွေ၊ ကုန်သွယ်ရေးဆိုင်ကြော်ငြာများ အားကောင်းခြင်း စသည့် သက်သာချောင်ချိမှုများစွာ ဆောင်ရွက်ပေးခြင်းကလည်း ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးထိပ်တန်းနိုင်ငံတစ်ခု ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ဩစတြေးလျနိုင်ငံစိုက်ပျိုး၊ မွေးမြူရေးပို့ကုန် အနည်းအများ အလိုက်ဆွေးနွေးရလျှင်-

(၁) ဂျုံ

ဂျုံသည် ဩစတြေးလျနိုင်ငံ၏ သီးနှံထွက်ကုန်များအနက် အများဆုံးပို့နေရသော ထိပ်တန်း ပို့ကုန်တစ်ခုဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်စာရင်းဇယားများအရ ကမ္ဘာ့ဂျုံနှင့် ဂျုံထွက်ပစ္စည်းများ တင်ပို့မှုမှာ-

ဇယား - ၁ ကမ္ဘာ့ဂျုံတင်ပို့မှုထိပ်တန်းနိုင်ငံ ၅ နိုင်ငံ

စဉ် Rank	နိုင်ငံ Country	တင်ပို့မှု (,၀၀၀ မက်ထရစ်တန်) Expoer (,000 MT)	တင်ပို့မှုရာခိုင်နှုန်း Share of Gloabal Export (%)
၁	ရုရှား (Russia)	၄၄,၀၀၀	၂၁
၂	ကနေဒါ (Canada)	၂၆,၅၀၀	၁၃
၃	ဥရောပသမဂ္ဂ (EU)	၂၆,၅၀၀	၁၃
၄	ဩစတြေးလျ (Australia)	၂၅,၅၀၀	၁၂
၅	အမေရိကန် (US)	၂၂,၃၁၇	၁၁

❖ **အစိုးရကုန်သွယ်ရေးဌာန၊ ဩစတြေးလျစိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဦးစီးဌာနကဲ့သို့သော အစိုးရလုပ်ငန်းများမှ တောင်သူများ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကောင်းရစေရန် မူဝါဒ၊ ထောက်ပံ့ငွေ၊ ကုန်သွယ်ရေးဆိုင်ကြော်ငြာများ အားကောင်းခြင်း စသည့် သက်သာချောင်ချိမှုများစွာ ဆောင်ရွက်ပေးခြင်းကလည်း ကမ္ဘာ့စိုက်ပျိုးမွေးမြူရေး ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်နေသည်ကို တွေ့ရှိရ**

❖ **ဂျုံသည် ဩစတြေးလျတိုက်၏ အရေးအပါဆုံး နှံစားသီးနှံဖြစ်နေ၍ ပြည်တွင်းသုံးနှင့်နိုင်ငံခြားငွေ ဘီလီယံပေါင်းများစွာ ရှာဖွေပေးနိုင်**

ဩစတြေးလျက ဂျုံတင်ပို့နိုင်ရခြင်း အကြောင်းရင်းများ

(၁-က) **ဂျုံထုတ်လုပ်မှုအလွန်ပိုနေခြင်း** ။ မိမိလက်ရှိ လူဦးရေ ၂၇ ဒသမ ၈ သန်း (၂၀၂၅) သုံးစွဲနိုင်မှုထက် ပိုမိုထုတ်လုပ်နိုင်ပါသည်။ နှစ်စဉ်ဂျုံမှုန့် တန်ချိန်သန်းပေါင်း ၂၅ - ၃၅ သန်းတန် ထုတ်လုပ်ရာ စုစုပေါင်း ထုတ်လုပ်မှု၏ ၆၀ - ၇၀ ရာခိုင်နှုန်းကို နိုင်ငံတကာသို့ တင်ပို့ပါသည်။

(၁-ခ) **ဩစတြေးလျနိုင်ငံ အနေအထားက ပထဝီသဘောအရ မဟာဗျူဟာမြောက်နေရာတွင် ရှိနေခြင်း** ။ တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား စသည့် ဂျုံစားသုံး/တင်ပို့မှုများသောနိုင်ငံများမှာ ဩစတြေးလျနိုင်ငံအနီးတွင်ရှိသဖြင့် သင်္ဘောတင်၊ ထောက်ပံ့ပို့ဆောင်ရေး အစစအရာရာ အဆင်ပြေနေပါသည်။

(၁-ဂ) **ကမ္ဘာ့ဂျုံလိုအပ်ချက် အလွန်ကြီးမားနေခြင်း** ။ ကမ္ဘာ့လူဦးရေ သန်းပေါင်းများစွာစားသုံးနေသော ပေါင်မုန့်၊ စပါဂီတီ၊ ပတ်စတာ၊ ခေါက်ဆွဲ၊ နံပြား၊ ချပါတီ အစရှိသည်တို့ ပြုလုပ်ရန်အတွက် အရသာရှိ၊ အရည်အသွေးကောင်း၊ ပရိုတင်းပါဝင်မှုများလှသော ဂျုံသည် ကမ္ဘာ့အရေးပါမှုအများဆုံး သီးနှံ၊ ထုတ်ကုန် ဖြစ်နေပါသည်။

(၁-ဃ) **စီးပွားရေးအရ အရေးပါမှုရှိနေခြင်း** ။ ဂျုံသည် ဩစတြေးလျတိုက်၏ အရေးအပါဆုံး နှံစားသီးနှံဖြစ်နေ၍ ပြည်တွင်းသုံးနှင့်နိုင်ငံခြားငွေ ဘီလီယံပေါင်းများစွာ ရှာဖွေပေးနိုင်သော သီးနှံဖြစ်နေပါသည်။

၂၀၂၃ စာရင်းဇယားအရ ဩစတြေးလျနိုင်ငံတစ်ခုလုံး စုစုပေါင်းမြေဧရိယာ၏ ၅၁ ရာခိုင်နှုန်း (၄၂၆,၀၀၀,၀၀၀ဟက်တာ) စိုက်ပျိုးနေရာ ဟက်တာသန်းပေါင်း ၃၇၀ (စိုက်ဧရိယာ စုစုပေါင်း၏ ၈၇%) ကို ကျွဲနွားမွေးမြူရေးအတွက် လွတ်ကျောင်းမြေ အသုံးပြုနေပါသည်။ ကျန်သီးနှံစိုက်ဧရိယာ ၁၃ ရာခိုင်နှုန်းတွင် ဂျုံစိုက်ပျိုးမှုက ၂၀၂၄-၂၅ စိုက်ပျိုးရာသီတွင် ဟက်တာသန်းပေါင်း ၁၃ ဒသမ ၆ (၁၃,၀၆၀,၀၀၀ ဟက်တာ - ဇယား-၁) ရှိပါသည်။

ထိုစိုက်ဧရိယာများမှ ဂျုံမှုန့်သန်းပေါင်း ၃၄ ဒသမ ၀၆ တန် (၃၄,၀၆၀,၀၀၀ တန်) ထုတ်လုပ်နိုင်ရန် ခန့်မှန်းထားပါသည်။

နှစ်စဉ်ဂျုံစိုက်ဧရိယာတိုးတက်လာရခြင်း အကြောင်းရင်းများ

(၁-င) **ဂျုံအတွက်သင့်တော်သော ရာသီဥတုရှိနေခြင်း** ။ ဂျုံလိုအပ်သော မိုးရေချိန်ထက်ပိုမိုရရှိခြင်း၊ စိုက်ချိန်တွင် ကောင်းမွန်သော မြေတွင်းအစိုဓာတ်ရှိနေခြင်းကြောင့် နိုင်ငံ၏ အရှေ့ပိုင်းလွင်ပြင်များ စိုက်ပျိုးမြေတိုးတက်လာပါသည်။

(၁-စ) **ဈေးကွက်လိုအပ်ချက်မြင့်မားနေခြင်း** ။ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အင်ဒိုနီးရှား စသည့် အိမ်နီးချင်းနိုင်ငံများ၏ ဂျုံမှုန့်လိုအပ်ချက်က ဩစတြေးလျ တောင်သူများကို ဂျုံများ ပိုမိုစိုက်ပျိုးစေရန် တွန်းအားပေးနေပါသည်။

(၁-ဆ) **စိုက်ပျိုးနည်းပညာ အဆင့်မြင့်မားမှု** ။ တိကျသော စိုက်ပျိုးရေးနည်းပညာနှင့် နှစ်စဉ် မျိုးမွေးမြူမှုမှရရှိသော ဂျုံမျိုးသစ်မျိုးကောင်းများက ဂျုံစိုက်တောင်သူများအတွက် ခွန်အားသဖွယ်ဖြစ်စေစေပါသည်။

ဂျုံစိုက်ပျိုးထုတ်လုပ်ရေး သင်ကြား၊ သုတေသနပြုလုပ်နေသောတက္ကသိုလ်များ

(က) **ဆစ်ဒနီတက္ကသိုလ်** ။ အဓိကသင်ကြားသုတေသနဧရိယာများမှာ ဂျုံဇီဝကမ္မဗေဒ၊ ဂျုံအထွက်အများဆုံး ရရှိနိုင်သော စွမ်းရည်များ၊ ရာသီဥတုနှင့် အခြားအချက်များ ဖျက်ဆီးမှုကို ကြံ့ကြံ့ခံနိုင်ခြင်းကို အဓိကထားဆောင်ရွက်နေပါသည်။ ဩစတြေးလျ အပင်ဖီနုန်းဆိုင်ရာသုတေသနဌာနနှင့် နှံစားသီးနှံသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းတို့နှင့် ပူးတွဲလုပ်ဆောင်နေပါသည်။

(ခ) **ကွင်းစလန်တက္ကသိုလ်** ။ အဓိကသင်ကြားသုတေသန ဧရိယာများမှာ ဂျုံမော်လီကျူလာနည်းဖြင့်မွေးမြူခြင်း၊ ဂျုံပင်မှ နိုက်ထရိုဂျင်အသုံးပြုနိုင်စွမ်းရည်၊

စာမျက်နှာ ၁၇ သို့



ပုံ - ၁ ဩစတြေးလျ ဂျုံစိုက်ပျိုးနေသောပြည်နယ်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့ တိုင်းဒေသကြီးလွှတ်တော်ရုံး၌ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာနည်းပြဆရာဖြစ် သင်တန်းဖွင့်လှစ်လျက်ရှိသည့် သင်တန်းသို့ သွားရောက်စစ်ဆေးသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင်သည် သင်တန်းတွင် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ပို့ချလျက်ရှိသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖွဲ့စည်းတည်ဆောက်ပုံ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ် ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံနှင့် မဲရုံခင်းကျင်းမှုပုံစံအတိုင်း လက်တွေ့လေ့ကျင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသင်တန်းကို မေ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်းသိရသည်။

သတင်းစဉ်

မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၂၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌လည်းကောင်း တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာမျက်နှာ ၁၆ မှ

ဂျုံသံချေးရောဂါ ခံနိုင်ရည်ရှိသော ဂျုံမျိုးများ မွေးမြူခြင်း စသည်တို့ကို အဓိကထား ဆောင်ရွက်နေပါသည်။ ကွင်းစလန် စိုက်ပျိုးမွေးမြူရေးနှင့် အစားအစာတီထွင်မှုမဟာမိတ်ဌာန၊ ဂတ်တန်သုတေသနဌာနတို့နှင့် ပူးတွဲဆောင်ရွက်နေပါသည်။

(ဂ) **ဝိတ်နယ်မြေ၊ အဲဒီလိတ်တက္ကသိုလ်** ။ အဓိကသင်ကြား သုတေသန ဧရိယာများမှာ ဂျုံစိုက်ပျိုးရာတွင် မိုးခေါင်မှုဒဏ်ခံနိုင်မှုနှင့် အပူဒဏ်ခံနိုင်မှု၊ မြေနှင့် အပင်ဆက်စပ်မှုနှင့်အနည်းလိုအာဟာရဓာတ်များ၊ ဂျုံကြိတ်ခွဲရာနှင့်မုန့်ဖုတ်ခြင်း အရည်အသွေးများဖြစ်ပြီး ဩစတြေးလျ အပင်ဂျီနွန်းဆိုင်ရာ သုတေသနဌာနတို့နှင့် ပူးတွဲဆောင်ရွက်နေပါသည်။

(ဃ) **မာဒေါ့တက္ကသိုလ်** ။ အဓိကသင်ကြား သုတေသနဧရိယာများမှာ မိုးကောင်းသောက်ကွင်းများမှာ ရေရှည်တည်တံ့ခိုင်မြဲသော ဂျုံစိုက်ပျိုးထုတ်လုပ်ခြင်း၊ ဂျုံပေါင်းနှင့် ပိုးမွှားရောဂါခံနိုင်ရည်ရှိမှု၊ ဂျုံရောင်းဝယ်ရေးကွင်းဆက်များနှင့်စိုက်ပျိုးစီးပွားရေးတို့ဖြစ်ပါသည်။

(င) **ချားစတူးဝတ်တက္ကသိုလ်** ။ အဓိကသင်ကြား သုတေသနဧရိယာများမှာ နယူးဆောက်ဝေးလ်ပြည်နယ်မှာ မိုးကောင်းအခြောက်စိုက် ဂျုံသီးနှံစိုက်ပျိုးရေး ၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲမှု၊ ဂျုံသီးနှံတိကျသော စိုက်ပျိုးနည်းစနစ်များ စသည်တို့ကို ဆောင်ရွက်နေပါသည်။

(စ) **လာထရုတက္ကသိုလ်** ။ အဓိကသင်ကြား သုတေသနဧရိယာများမှာ ဂျုံပင်နှင့် အဏုဇီဝဆက်စပ်မှုများ၊ ဖျူစေရီယမ်မှိုရောဂါဒဏ်ခံနိုင်ရည်ရှိသောဂျုံမျိုးများ မွေးမြူရေးစသည်တို့ကို အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့်ဇီဝသိပ္ပံသုတေသနဌာနနှင့် ပူးတွဲသုတေသနပြု ဆောင်ရွက်ပါသည်။

သုတေသနမှတ်တမ်းများအရ ဩစတြေးလျတစ်နိုင်ငံလုံးတွင် သုတေသနနှင့် နည်းပညာရှင်ပေါင်း ၂၃၅,၀၀၀ ကျော်ရှိသည်ဟု တွေ့ရှိရပါသည်။

ဇယား - ၁ ၂၀၂၄-၂၅ ခုနှစ် ဩစတြေးလျနိုင်ငံ သီးနှံအမျိုးမျိုးစိုက်ဧရိယာ

စဉ်	သီးနှံအမည်	စိုက်ဧရိယာ (ဟက်တာ)	မှတ်ချက်
၁	ဂျုံ	၁၃,၀၆၀,၀၀၀	သီးနှံစိုက်ဧရိယာအများဆုံးသီးနှံ
၂	ဘာလီ	၃,၉၀၀,၀၀၀	ဒုတိယအများဆုံးသီးနှံ
၃	ကနိုလာဆီမုန်ညင်း Canola	၃,၃၀၀,၀၀၀	အဓိကဆီထွက်သီးနှံ၊ ဈေးကောင်းရ၍ ပိုတိုးစိုက်လာ
၄	ပဲနီကလေး	၁,၇၀၀,၀၀၀	ထုတ်လုပ်မှုတိုးတက်လာ
၅	ကုလားပဲ	၁,၃၀၀,၀၀၀	သင့်တော်သောရာသီရှိ စိုက်ဧရိယာတိုး
၆	အုပ်စပါး	၁,၁၀၀,၀၀၀	လူစားရန်နှင့်တိရစ္ဆာန်စာအဖြစ်သုံး
၇	လူပင်းပဲ Lupins	၈၀၀,၀၀၀	အနောက်ဩစတြေးလျတွင်အဓိကစိုက်
၈	နှံစားပြောင်း	၆၂၂,၀၀၀	အဓိကနွေရာသီစိုက်သီးနှံဖြစ်
၉	စပါး	၅၁၈,၀၀၀	ကမ္ဘာ့ဈေးကျမှုကြောင့် စိုက်ဧရိယာလျော့နည်း
၁၀	ဝါ	၄၅၃,၀၀၀	အခြောက်စိုက်နှင့်ရေသွင်းစိုက် နွေရာသီသီးနှံ

ဇယား - ၂ နိုင်ငံအလိုက်သုတေသန အသုံးစရိတ်အများဆုံးနှင့် လူတစ်သန်းရှိသုတေသနပညာရှင်

စဉ်	နိုင်ငံ	သုတေသနအသုံးစရိတ် (စုစုပေါင်းဂျီဒီပီ%)*	လူဦးရေတစ်သန်းလျှင်ရှိသည့် သုတေသနပညာရှင်
၁	တောင်ကိုရီးယား	၄.၉	၉,၄၃၅
၂	အစ္စရေး	၄.၅	၈,၂၅၀
၃	ဆွီဒင်	၃.၅	၈,၆၂၄
၄	ဂျပန်	၃.၃	၅,၆၃၀
၅	ဂျာမနီ	၃.၁	၅,၇၈၇
၆	ဩစတြေးလျ	၁.၈	၄,၀၀၀
၇	စင်ကာပူ	၂.၂	၆,၅၀၀
၈	မြန်မာ	၀.၀၄	၂၈

*GDP–Gross Domestic Product% (ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ရာခိုင်နှုန်း)

** https://scienceandtechnologyaustralia.org.au

(https://scienceandtechnologyaustralia.org.au)

ကျွန်တော်၏အတွေးစကတော့

ဂျုံသည် ဩစတြေးလျ နိုင်ငံသူ၊ နိုင်ငံသားများ အသက်သွေးကြော။ ထို့ကြောင့် ဩစတြေးလျနိုင်ငံတွင် စိုက်ပျိုးရေးပညာသင်ကြား/သုတေသနပြုနေသော တက္ကသိုလ်များစွာရှိသည့်အနက် တက္ကသိုလ် ၆ကျောင်းနှင့် သုတေသနဌာနအချို့က တာဝန်ယူပြီး မိမိတာဝန်ကျရာ ခေါင်းစဉ်အလိုက် သုတေသနပြုပြီး ဂျုံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအားစိုက်ခွန်စိုက် နှစ်စဉ်ပြုလုပ်နေသည်ကို အားကျမိပါသည်။

မိမိတို့ နိုင်ငံအတွက်ကတော့ ဆန်စပါးသည် နိုင်ငံသူ၊ နိုင်ငံသားများ အသက်သွေးကြောဖြစ်သည်ကို အားလုံးသိပြီးဖြစ်ပါသည်။ သို့သော် အခြားနိုင်ငံများနှင့်ယှဉ်လျှင် သုတေသနပြုလုပ်စရာ တက္ကသိုလ်မှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တစ်ခုတည်းဖြစ်၍ သူများနိုင်ငံတိုးတက်မှုကို အတုယူပြီး ထပ်မံဖွင့်လှစ်မည်ဖြစ်သော စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်/မဟာဌာနများနှင့်အတူ အစိုးရ(စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန) တို့ပါ ပါဝင်ကာ ပုဂ္ဂလိကသုတေသန၊ နိုင်ငံတကာသုတေသနဌာနများနှင့် ပူးပေါင်းပြီး ယခုထက်ပိုသင်ကြား၊ သုတေသနပြုလုပ်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

စပါးသိပ္ပံပညာရှင်များအပြင် အခြားသီးနှံပညာရှင်များစွာလည်း လိုအပ်ပါသေးကြောင်း ထင်မြင်မိပါသည်။ မိမိတို့နိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်ကျော် လူဦးရေ ၂၈ သန်း နီးပါးသာရှိသော ဩစတြေးလျနိုင်ငံလေးက စိုက်ပျိုးမွေးမြူရေးပညာသင်ကြားပေးနေသောတက္ကသိုလ်၊ အဆင့်မြင့်ပညာပေါင်း ၃၄ ကျောင်းရှိနေပါသည်။ ။

မှီငြမ်းစာအုပ် (Reference Book) နှင့် စာတမ်း (Reference Paper)

DAFF (2024) Snapshot of Australian Agriculture 2025. Government of Australia. 15p.

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား တိုက်ကွမ်ဒိုနှင့်ဂျူဒိုပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်

ရန်ကုန် မေ ၂၄

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် ဒုတိယအကြိမ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား သက်တမ်းအလိုက်လူသစ်တန်းနှင့် အသက် ၂၀ အောက် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ်အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အဖွဲ့ချုပ်များမှ တာဝန်ရှိသူများက တိုက်ကွမ်ဒိုနှင့် ဂျူဒိုဗိုလ်လုပွဲပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ တိုက်ကွမ်ဒို ပြိုင်ပွဲ၌ ကကွက်ပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲတွင် ပထမဆုရမင်္ဂလာတောင်ညွန့်မြို့နယ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဖလားများ ချီးမြှင့်သည်။

ဆက်လက်၍ ဂျူဒိုပြိုင်ပွဲတွင် သက်ငယ်တန်းပြိုင်ပွဲနှင့် လူသစ်တန်းပြိုင်ပွဲများတွင် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးအားကစားသမားဆု၊ ပထမဆုရရှိကြသော ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်း၊ ကမာရွတ်မြို့နယ်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ငယ်တန်းပြိုင်ပွဲနှင့် လူသစ်တန်းပြိုင်ပွဲများတွင် တံခွန်စိုက်ဖလားရရှိကြသော ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်းများအား ငွေသားဆုနှင့် ဆုဖလား ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းပြိုင်ပွဲများတွင် မြို့နယ်ပေါင်းစုံတိုက်ကွမ်ဒိုပြိုင်ပွဲကို မေ ၂၂ ရက်မှ ၂၃ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် သက်တမ်းအလိုက် လူသစ်တန်းနှင့် အသက် ၂၀ အောက် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အာကာစိုး

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

ထားဝယ် မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur တို့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်သည်။

တွေ့ဆုံစဉ် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်း ပြည်ပ ခရီးသွား ဧည့်သည်များအား ဆွဲဆောင်နိုင်သည့် သာယာလှပသော ပင်လယ်ကမ်းခြေနေရာများ၊ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင် အတွင်းရှိ ထင်ရှားသော ပင်လယ်ကမ်းခြေနေရာများ၊ လျှပ်စစ်ကဏ္ဍ၊ တိုင်းဒေသကြီး၏ အဓိကဒေသထွက်ကုန်ဖြစ်သည့် ရော်ဘာ၊ သီဟိုဠ်နှင့် ပင်လယ်ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုအစရှိသည်တို့ကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

လပွတ္တာမြို့ပေါ်ရပ်ကွက်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများဆောင်ရွက်

လပွတ္တာ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ပေါ်ရပ်ကွက်များတွင် ယနေ့နံနက်ပိုင်းက လပွတ္တာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နေအိမ်များမှ ရေတွင်း၊ ရေကန်များ၊ ရေစည်ရေပုံးများ၊ တာယာကွင်းအဟောင်းများနှင့် ဘုရားညောင်ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ အိမ်ပတ်ဝန်းကျင်ရှိ ရေမြောင်းများကို ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန် အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိုင်းယောင်းမြို့၌ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိုင်းယောင်း မေ ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန မြို့နယ်သစ်တော ဦးစီးဌာနကကြီးမှူး၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာ၌ ယနေ့နံနက်ပိုင်းက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတစေရေးနှင့် သစ်တော၊ သစ်ပင်များကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မိုးရာသီအကြိုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးမြင့်ဌေး၊ မိုင်းယောင်းမြို့နယ်သစ်တော တာဝန်ခံ ဦးဝင်းခိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၁၅၅ ဦး တက်ရောက်ပြီး သစ်ပင်စိုက်ပျိုးရန် သတ်မှတ်နေရာများ၌ ကျွန်း၊ မန်ကျည်းရှား၊ စိန်ပန်းနီ၊ ခရေ၊ မဲဇလီ၊ ငုစပ်၊ ကံ့ကော် စသည့် ပျိုးပင် စုစုပေါင်း ၂၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရာဇီ(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် နွေစပါးများထွက်ရှိ

နေပြည်တော် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးများကို ရိတ်သိမ်းလျက်ရှိရာ ကန်ကြီးထောင့်မြို့နယ်၌ စိုက်ပျိုးထားသည့် ဆင်းသုခ စပါးစိုက်ဧက ၄၃၄ ဧက၊ သာပေါင်းမြို့နယ်၌ စိုက်ပျိုးထားသည့် ဆင်းသုခစပါးစိုက်ဧက ၁၅၀၊ ငပုတောမြို့နယ်၌ စိုက်ပျိုးထားသည့် သီးထပ်ရင်စပါးစိုက်ဧက ၁၁၀၀၊ ရေကြည်မြို့နယ်၌ စိုက်ပျိုးထားသည့် GW-11၊ ဆာဖိုးသာ၊ ရက် ၉၀ စပါးစိုက်ဧက ၁၃၁ ဧက၊ ကျောင်းကုန်းမြို့နယ်၌ စိုက်ပျိုးထားသည့် GW-11 စပါး စိုက်ဧက ၂၅ ဧက၊ ဟင်္သာတမြို့နယ်၌ စိုက်ပျိုးထားသည့် GW-11၊ ဆင်းသုခစပါးစိုက်ဧက ၁၁၉ ဧကနှင့် လေးမျက်နှာမြို့နယ်၌ စိုက်ပျိုးထားသည့် GW-11 စပါးစိုက်ဧက ၃၈၃ ဧကတို့ကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ပျမ်းမျှ တင်း ၁၀၀ ကျော်ခန့်ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

ပြည်သူလူထုများ ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုပုံစံရရှိစေရေး အသိပညာပေးဟောပြော

ရမည်းသင်း မေ ၂၄

ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ပြည်သူလူထုများ ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုပုံစံ ရရှိစေရေးနှင့် ကွမ်း၊ ဆေးလိပ်၊ အရက်ရှောင်ကြဉ်နိုင်ရေး ကျန်းမာရေး အသိပညာပေးခြင်းကို မေ ၂၂ ရက်က အမှတ်(၁) ရဲလေ့ကျင့်ရေး သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မြင့်မြင့်မော်က ပြည်သူလူထုများ ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုပုံစံ ရရှိစေရေး အသိပညာပေး ဟောပြောကာ ပရိုဂျက်တာဖြင့် ရှင်းလင်းသည်။

အလားတူ ရမည်းသင်းမြို့နယ်အတွင်း သက်ဆိုင်ရာ နယ်မြေအလိုက် ကျန်းမာရေးဝန်ထမ်းများက စာသင်ကျောင်း ခြောက်ကျောင်းနှင့် ကျေးရွာ သုံးရွာတို့၌ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ လက်သန့်ဆေးရည် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇော်ဝင်းအောင်

မိတ္ထီလာမြို့နယ်၌ ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေး အသိပညာပေး

မိတ္ထီလာ မေ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကမ္ဘာတစ်ဝန်း ပလတ်စတစ် ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး အသိပညာပေး ဟောပြောပွဲကို မေ ၂၂ ရက်က သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် မိတ္ထီလာခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ကျင်းပရခြင်းရည်ရွယ်ချက်၊ မိတ္ထီလာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ (၅၂)နှစ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပလတ်စတစ် စတင်ဖြစ်ပေါ်လာပုံ၊ ပလတ်စတစ်အမျိုးအစား၊ ပလတ်စတစ် ညစ်ညမ်းမှု ဖြစ်ပေါ်လာစေသော အကြောင်းရင်းများ၊ ပလတ်စတစ် ညစ်ညမ်းမှုမှတစ်ဆင့် ဖြစ်ပွားစေသော ရောဂါများ၊ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး နည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ညောင်လေးပင်မြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ညောင်လေးပင် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပွဲကို မေ ၂၂ ရက်က ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ စံဒွန်းကုန်းကျေးရွာရှိ အလက(ခွဲ) ကျောင်း၌ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၄၇ ဦးဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ(အကြို) စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

စွမ်းထက်(ညောင်လေးပင်)

ပေါင်းတည်မြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါင်းတည် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြို့နယ်အဆင့် ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၂ ရက်က ကျွဲကြာကိုင်းကျေးရွာ အန္တဂုဏ်ရည် သုဓမ္မသိဂီ (သီလရှင်)ကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်အား မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇန်လာအဲငါက သစ်ပင်၊ ပျိုးပင်များ ပေးအပ်ပြီး သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ အသင်းအဖွဲ့များနှင့် ဒေသခံများ စုစုပေါင်း ၁၃၁ ဦးတို့က ကံ့ကော်ပင် ၅၀၊ ကျွန်းပင် ၁၀၀၊ ခရေပင် ၃၀၊ စိန်တံချူပင် ၃၀၊ စိန်ပန်းပင် ၃၀၊ ပိတောက်ပင် ၃၀ နှင့် မည်စည်ပင် ၃၀ စုစုပေါင်းအပင် ၃၀၀ စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရွှေသား(ပြန်/ဆက်)

❑ လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

❑ အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကိုအလိုအလျောက်ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

အုတ်ဖိုမြို့နယ်ရှိ ကျေးလက်လမ်းများ၏ လမ်းဘေးဝဲယာ၌ သီးပင်စားပင်များစိုက်ပျိုး

အုတ်ဖို မေ ၂၄

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာရှိ အခြေခံပညာအထက်တန်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း လမ်းဘေးဝဲယာ၌ မေ ၂၂ ရက်က သီးပင်စားပင်များ စိုက်ပျိုးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့်အဖွဲ့က ကြောင်လျှာပင် ၁၀၀၊ သခွတ်ပင် ၁၀၀၊ ပေါက်ပန်းဖြူ ၁၀၀၊ သရက်ပင် ၅၀ နှင့် ပိန္နဲပင် ၅၀ စုစုပေါင်း ပျိုးပင် ၄၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အောင်သူ(အုတ်ဖို)

ပန်းတနော်မြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပန်းတနော် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၂ ရက်က ကျုံတွတ် အမကကျောင်းဝင်းအတွင်း စိုက်ပျိုးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမင်းအေးချမ်းဇွန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ခန့်က မန်ကျည်းရှားပင် ၁၁၀၊ မဟော်ဂနီ ၈၇ ပင်၊ ခရေ ၁၁ ပင်၊ စိန်ပန်း ၂၂ ပင် စုစုပေါင်း အပင် ၂၃၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ အင်ကြင်းနီ စက်သုံးဆီအရောင်းဆိုင်၌ မေ ၂၂ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းများ ဆောင်ရွက်စဉ်။ ဝင်းကြိုင်(ပြန်/ဆက်)

လျှော်ဘေးဒဏ်သင့်ဒေသများသို့ အလှူငွေများ ပေးအပ်လှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး၌ ငလျင်ဘေးသင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊နေပြည်တော်ကောင်စီနယ်မြေများရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်သံဃနာယကအဖွဲ့များမှ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို မေ ၂၂ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ အဂ္ဂသာမိ (ဒွိပိဋ္ဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များ၊ ရန်ကုန်တိုင်းဒေသအတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်များ၊ တိုင်းဒေသကြီး သီလရှင်အမှုဆောင်အဖွဲ့ဆရာကြီးများ၊ ဌာနဆိုင်ရာများနှင့် လေးကျွန်းသူဖောင်ဒေးရှင်း၊ မေတ္တာပြည့်ဝသာသနာပြုအဖွဲ့တို့ တက်ရောက် ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလက ငလျင်ဘေးဒဏ်သင့်ဒေသများသို့ အလှူငွေများ ဆက်ကပ်လှူဒါန်းမှုအခြေအနေကို ရှင်းလင်းလျှောက်ထားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြသည်။

အောင်မြင့်(ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်ဦးစီးမှူးရုံး ယာယီရုံးအဆောက်အအုံ Container House တပ်ဆင်နေမှုများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေး

ဝမ်းတွင်း မေ ၂၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝမ်းတွင်းမြို့နယ် ဦးစီးမှူးရုံး ယာယီရုံး အဆောက်အအုံ Container House တပ်ဆင်နေမှုများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက မေ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် မိတ္ထီလာခရိုင် ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး

ဦးနိုင်ဝင်းကျော်တို့က ဝမ်းတွင်းမြို့နယ်ဦးစီးမှူးရုံး၌ မန္တလေးမြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံအစား ယာယီရုံးအဆောက်အအုံအတွက် Container House တပ်ဆင်ပြီးစီးမှု၊ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ e-ID team လုပ်ငန်းဆောင်ရွက်နေမှုနှင့် Biometric UID (Unique Identification Card) ရိုက်ကူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

- ■ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ■ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ရမည်းသင်းမြို့နယ်၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်

ရမည်းသင်း မေ ၂၄

ရမည်းသင်းမြို့နယ် စံပြခြင်းနားကျေးရွာ၊ သဲချောင်းကျေးရွာ၊ မင်္ဂလာရာမကျောင်းထိုင် ဆရာတော်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ဆက်ကပ်သော သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကောဝိဒ၏ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ၎င်းကျောင်းဝင်းအတွင်း သာသနာ့ဗိမာန်မင်္ဂလာမဏ္ဍပ်၌ မေ ၂၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပင့်သံဃာ ၁၅၀ နှင့် သီလရှင် ၁၃ ပါးတို့အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်း၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအား ဧည့်ခံကျွေးမွေးခြင်း၊ အကြိုတရားပွဲကို ပထမညတွင် ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တ ရေဝတ(မဟာသဒ္ဓါရ) ဆရာတော်ဟောကြားပြီး ဒုတိယညတွင် မော်လမြိုင်မြို့ မြစေတီနန်းဦးပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တသဒ္ဓမ္မ (မြနန်းဆရာတော်)တို့က ဟောကြားချီးမြှင့်သည်။

အခမ်းအနားတွင် ဂုဏ်ပြုခံဆရာတော်အရှင်သူမြတ်အား ဘွဲ့လက်မှတ်နှင့် အဆောင်အယောင်ပစ္စည်းများ ဆက်ကပ်ခြင်းကို အလှူရှင်တို့က ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ရွာတန်းရတနာအောင်မြေဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခသာရက လှူဒါန်းမှုအစုစုတို့ကို ရေစက်ချအနုမောဒနာတရား ချီးမြှင့်ပြီး ဂုဏ်ပြုပွဲဖြစ်မြောက်ရေး ဦးဆောင်ဆရာတော် အရှင်အာစာရ (ရွှေနန်းမြေ)က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကြောင်း သိရသည်။

၂၁၄

ဇလွန်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ဇလွန် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို တစ်ဧကလျှင် ကျပ်တစ်သိန်းငါးသောင်းနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဇလွန်ဘဏ်ခွဲက မေ ၁၉ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးရာတွင် ဇလွန်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးတင်ထွန်းက မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စုအလိုက် လယ်တစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်းကို အတိုး ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးမည်ဖြစ်ကြောင်းနှင့် တောင်သူများအား ချေးငွေထုတ်ချေးသည့် စာချုပ်ပါ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဇလွန်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၅ အုပ်စုရှိ တောင်သူ ၆၅၅၉ ဦးတို့၏ လယ်ယာမြေ ၄၂၇၄၈ ဧက အတွက် ကျပ် ၆၄၁၂၂ သိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ် ငွေချေးရန် လျာထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

နေပြည်တော် မေ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိသံလွင်ခန်းမ၌ တွေ့ဆုံသည်။

အခမ်းအနားတွင် တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ခင်နှင်းအိဖွေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အောင်ဆန်းရပ်ကွက်နေ ခင်နှင်းအိဖွေးအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နတ်မောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၂၄

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦးအား ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါနိုင်ငံသားအား သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၂၀ အား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၈၂ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ် စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းအနီး ပါလျှံ (၃)ရပ်ကွက် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၃၆၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၃၈၅၅၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၄၅၉၁၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၂၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၆၂၂၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် အုန်းတပင်စံပြကျေးရွာရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း

ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

မှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၀၈၁၆၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

သတင်းစဉ်

ပျောက်ဆုံးကြောင်း

ကျွန်မ မမြင့်မြင့်အေး ၁၃/လရန(နိုင်)၂၁၆၀၃၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် ME 960529 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၉၇ ၈၈၁ ၇၁၆

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မေတ္တာမွန်လမ်းသွယ်၊ မင်းကြီးလမ်း၊ ယုဇနခြံဝင်းအတွင်းရှိ အမှတ်(၁၇/၁၉)၊ တိုက်အမှတ်(၃/စီ)၊ (၃)ခန်းတွဲ၊ (၅)လွှာတိုက်ခန်း၏ (ခေါင်းရင်းခြမ်း)ရှိ မြေညီထပ်နှင့် ပထမထပ်(မှန်ခန်းအပေါ်ထပ်)တိုက်ခန်းတို့အား ဒေါက်တာခင်ခင်ဆွေနှင့် ဦးဘရန်ဆိုင်း တို့သာလျှင် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ပတ်သက်မှုမရှိသော တိုက်ခန်းများဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာခင်ခင်ဆွေနှင့် ဦးဘရန်ဆိုင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးရဲဝင့်နောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်- ၄၁၀၂၇)
အမှတ်-၁၇၁၊ အမက(၇)ကျောင်းလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၅၀၇၁၄၃၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အေးရိပ်သာ(၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မြေကွက်အမှတ် (၁၃၁၉) ဟုခေါ်တွင်သော ဦးအောင်ကြည် (အမည်ပေါက်) မြေချပါမစ်မြေကွက်၏ မြေအကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့်အကျယ်အဝန်း(အလျား ၂၀ ပေxအနံ ၆၀ ပေ) ရှိ မြေကွက်နှင့် နေအိမ်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးတင် (၁၂/ဗဟန(နိုင်)၀၂၃၁၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမွန်သည် အပြီးအပိုင် ပြန်လည်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသည့် အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာမှတ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးသက်နောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၄၃၆)
အမှတ်(၃၁၀)၊ ကျောက်စိမ်းမျက်ရတနာ(၂)လမ်း၊ (၅၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၅၃၈၁၃၅၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
ဆေးရုံအုပ်ကြီးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုသဆောင်ရှိ (Angiography System) စက်၏ ECP FRU Assy (Control unit of Flat Pannel Detector) ပြုပြင်လဲလှယ်ရန် ရှိပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၂၃ - ၅ - ၂၀၂၅ရက် (သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက် - ၅- ၆ - ၂၀၂၅ရက် (ကြာသပတေးနေ့) (၁၆:၀၀) နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

သွေးသည် အသက်

❊ ကျော်ဖုံးမှ

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲပြန်လည်ရရှိခဲ့ပြီး ဖိအား လျော့သွားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၀ မိနစ်တွင် ညီညီတိုးနှင့် ၃၁ မိနစ်တွင် ခွန်မြင့်ဆွေတို့က သွင်းယူသည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ပွဲစဉ်(၄)တွင် ပထမဆုံး နိုင်ပွဲရခဲ့သော်လည်း ယခုတစ်ပတ်တွင် ရှုံးပွဲပြန်တွေ့ခဲ့သည်။ တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရာမညယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရာမညယူနိုက်တက်အသင်းသည် ဒုတိယမြောက် နိုင်ပွဲရယူနိုင်သော်လည်း မဟာယူနိုက်တက် အသင်းမှာမူ ငါးပွဲဆက်အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ရာမညယူနိုက်တက်အသင်းအတွက် ဂိုးများကို ၇၊ ၉၀ မိနစ်တွင် စောထူးဝေလျှံအောင်က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၃ မိနစ်တွင် ဇော်မင်းသန့်က သွင်းယူခဲ့သည်။

ပွဲစဉ် (၅) ဒုတိယနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ Falcon အသင်းနှင့် Dagon Port အသင်း၊ တောင်ဒဂုံကွင်း၌ အား/ကာ သိပ္ပံအသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သော်လေး၊ ဓာတ်ပုံ-MNL

ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ အနုပညာရှင် ဇော်ရှိုင်းထက်၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ဇော်ရှိုင်းထက်သည် အနုပညာလောကတွင် ပရိသတ်အများ လက်ခံအားပေးလျက်ရှိသော အောင်မြင်နေသည့် လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ တစ်ခဲနက် ထောက်ခံအားပေးကြသည့် ပရိသတ်များအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းပေါ်ပေါက်လာ၍ ဖုန်းဖြင့်လည်းကောင်း၊ စာရေးသား၍လည်းကောင်း၊ ကိုယ်တိုင်တွေ့ဆုံ၍လည်းကောင်း၊ အကျိုးအကြောင်း အဆိုးအကောင်း သတင်းမေးကြသူများကို အထူးကျေးဇူးတင်ရှိပါသည်။ အချို့လူပုဂ္ဂိုလ်များသည် အမည်မှန်ကို အသုံးမပြုဘဲ အမည်ဝှက်ဖြင့် Vita Shine Fan Facebook Group အပါအဝင် အခြားလူမှုကွန်ရက်နှင့် ဆိုရှယ်မီဒီယာများပေါ်တွင် ဇော်ရှိုင်းထက်၏ထင်ပေါ်ကျော်ကြားမှုနှင့် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စိတ်ငြိုငြင်စေခြင်းတို့ကို ပြုလုပ်နေကြောင်းနှင့် ထိုသို့ပြုလုပ်ကြောင်း အထောက်အထားများကိုလည်း ကျွန်ုပ်ကိုယ်တိုင်ဖတ်ရှု မြင်တွေ့သိရှိရပါသည်။ အနုပညာရှင် ဇော်ရှိုင်းထက်နှင့်ပတ်သက်၍ ထိခိုက်နစ်နာစေသော မဟုတ်မမှန်သည့် ဖော်ပြချက်များကို လုပ်ကြံရေးသားဖြန့်ဝေခြင်း၊ ပြောဆိုခြင်း၊ စာများပေးပို့ခြင်း၊ ဖုန်းဖြင့်နှောင့်ယှက်ခြင်းများ မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ ထိုသို့ တားမြစ်ထားပါလျက် မရိုးမဖြောင့်သောသဘောဖြင့် ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဇော်ရှိုင်းထက်၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်ဇော်(မရမ်းကုန်း)	ဒေါ်မျိုးသူဇာနှင်း	ဒေါ်ခိုင်ဇင်ထွန်း
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၀၆၂၃)	(စဉ်-၁၄၂၁၆)	(စဉ်-၁၃၉၈၂)
ဖုန်း-၀၉ -၂၅၃၂၂၅၁၅၁	ဖုန်း-၀၉ - ၂၅၄ ၂၁၈ ၀၂၄	ဖုန်း-၀၉ -၇၇၄၉၄၈၉၄၅

လမ်းမတော်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးဆောင်ရွက်

ရန်ကုန် မေ ၂၄

လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ဦးဆောင်ပြီး သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာ ယမန်နေ့ နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ် (၁၂)ရပ်ကွက် သရက်တောကျောင်းတိုက်ဝင်းရှိ မဟာမုနိကင်းကျောင်း၊ ပိဋကတ်ကျောင်းနှင့် သာယာကုန်းကျောင်းများတွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ် နှိမ်နင်းရေးအတွက် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သွေးလွန်တုပ်ကွေး ပိုးစတာများကပ်ခြင်းကို ဆောင်ရွက်ကြသည်။

အဆိုပါ ဆောင်ရွက်မှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးဌာနမှူး ဒေါက်တာနီနီအေးဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သဥ္ဇာဝင်းပြည်နှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

ညောင်တုန်းမြို့နယ်အတွင်း မီးဘေးလုံခြုံရေးအသိပညာပေး

ညောင်တုန်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို မေ ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရမည်းသင်းမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အကြိုအသိပညာပေး

ရမည်းသင်း မေ ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇွန် ၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြို အသိပညာပေး Talk Show ကို ယမန်နေ့ နံနက် ၁၀ နာရီက ယာယီရုံးခန်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Show တွင် ရမည်းသင်းခရိုင် ပြန်/ဆက်ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" နှင့် ရည်ရွယ်ချက်များ၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ အပါအဝင် စွန့်ပစ်ပစ္စည်း အမျိုးမျိုးကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းစေမှုနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးအပေါ် ထိခိုက်စေမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်
မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

ဖောင်းကြွနံပါတ်ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 55W/32322 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် ၊ ညောင်ရမ်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄-ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၁၁) ၊ မြေဧရိယာ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၆၀) ဂရန်အမည်ပေါက် ဒေါ်ကြည်ကြည်အမည်ဖြစ်ပါသည်။၎င်းထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ယခုလွှဲပြောင်းရောင်းချသူ ဦးကျော်ကျော်နိုင်၁၂/အစန(နိုင်)၀၅၄၃၁၂ထံမှ ကျွန်ုပ်မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။သို့ပါ၍ ဖော်ပြပါမြေကွက်နေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါပြီးသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

ဒေါ်လှလှခိုင်(လိုင်စဉ်-၂၃၃၈၀)
အထက်တန်းရှေ့နေ
အမှတ်(၃၉)၊(၃၅)လမ်း၊ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၄၉၃၇၆ ၊ ၀၉-၅၁၄၉၇၆၃

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း (Mingalardon Garden City Project)အတွင်းရှိ ဂေါက်ကွင်းအိမ်ရာ (ကံ့ကော်ရိပ်သာ-၃)၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် (၅၂)၊ အကျယ်အဝန်း (၂၆၈၄၈.၃)စတုရန်းပေရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဇေကမ္ဘာကုမ္ပဏီလီမိတက် (ကုမ္ပဏီကိုယ်စားဒါရိုက်တာ ဒေါ်စန်းစန်းကြွယ် ၁၂/ဗဟန(နိုင်)၀၅၄၆၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်လတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)
အမှတ် ၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉-၂၅၄၁၁၇၈၅၄

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ တကောင်း(၂)လမ်း၊ မြေကွက်အမှတ်(၂၈/ခ)၊ မြေပေအကျယ်ပေ (၂၀x၆၀)ရှိဒေါ်သိန်းအမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ကိုအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသော မိဘများကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်နေထိုင်လက်ဝယ်ထားရှိသူ ဒေါ်သဲနုဆွေ ၁/မညန(နိုင်)၀၉၀၇၅၉နှင့် ဦးပြည့်စုံဆွေ ၁/မညန(နိုင်) ၁၂၃၀၅၀တို့က ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ် (၂-ထပ်) လုံးချင်းနေအိမ် အပါအဝင်ကိုမိမိတို့သာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အားအပြီး အပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါကဤ ကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)
ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၁၉၉)၊ မြေပေအကျယ် (၄၀x၆၀)ပေ၊ စတုရန်းပေ (၂၄၀၀)ရှိ ဦးမင်းမောင် အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမင်းဇော်သက် ၁၂/တကန(နိုင်)၁၃၃၉၂၁ က ယင်းမြေကွက်ကိုမိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)
ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

